ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (8-5-2013) (၇၄၇၄)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

**မိုးရွာသွန်းမှု**
(၇-၅-၂၀၁၃)
ဖလမ်း
၂ ဒသမ ၄၄ လက်မ
မောင်တော
၂ ဒသမ ၁၇ လက်မ
တီးတိန်
၁ ဒသမ ၇၉ လက်မ
ညောင်လေးပင်
၁ ဒသမ ၁၈ လက်မ



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း H.E. General Chavalit Yongchaiyudh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် ခင်မင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# ထိတ်ထိတ်ကြဲ နွဲ့ကြမယ့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ

အောင်ကျော်ဦး(ကြေးမုံ)

ရန်ကုန် မေ ၇

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ KSM Yoeyar Letwhay Promotion Group မှ စီစဉ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မေ ၁၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူအားကစားခန်းမ(ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်သည်။

## အထူးစိန်ခေါ်ပွဲများ

အထူးစိန်ခေါ်ပွဲများအဖြစ်လေးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(အလင်းရောင်)နှင့် ၂၀၁၃ ဒင်္ဂါးရွှေအောင်လံဆုရှင်၊ ၂၀၁၂ အာရှ "မွေ့"ရွှေတံဆိပ်ဆုရှင် တူးတူး(နဂါးမာန်)၊ ၂၀၁၃ အထူးဒင်္ဂါးရွှေအောင်လံဆုရှင်၊ ၂၀၁၂ အာရှ "မွေ့" ငွေတံဆိပ်ဆုရှင် ထွန်းထွန်းမင်း (မုဒုံသား)နှင့် နှစ်ထပ်ကွမ်း ဒင်္ဂါးရွှေအောင်လံဆုရှင် ရွှေခါးပတ်ချန်ပီယံ စိုးလင်းဦး(မျိုးဇာနည်)၊ ရဲတံခွန်(အလင်းရောင်)နှင့် ကျားပေါက်(ဘိလပ်မြေစက်ရုံ)၊ ရဲမြတ်အောင်(အဖြူရောင်သွေးသစ်)နှင့် မိုက်ရိုင်း(ရွှေဖူး)၊ သိန်းညီညီ(အလင်းရောင်)နှင့် ဖိုးလပြည့်(ရွှေဖူး)၊ ရန်တိုင်းကျော်(ဝါဆို)နှင့် ဂျိုကာ(ဘိလပ်မြေစက်ရုံ)၊ နိုင်ဝင်း(ဘိလပ်မြေစက်ရုံ)နှင့် ရဲရင့်ထွန်း(မုဒုံသား) တို့ကယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး မျိုးဆက်သစ်ကလေးအထူးပွဲလည်း ပါဝင်မည်ဖြစ်သည်။

## ကြိုတင်လက်မှတ်ဝယ်ယူနိုင်

ကြိုတင်လက်မှတ်များကို ဖုန်း ၀၁-၂၄၉၁၁၇ (ဇော်ပစ်တိုင်းထောင်)သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး ပွဲစဉ်များကို မည်သည့်ရုပ်သံလိုင်းတွင်မှထုတ်လွှင့်ပြသမည်မဟုတ်ကြောင်း သိရသည်။

# အင်းလေးဒေသဖွံ့ဖြိုးတိုးတက်ရေး ဟိုတယ်ဇုန်အကောင်အထည်ဖော်နေ

**အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေ ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်များနှင့် ထိစပ်လျက်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၉၅၀ တွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေတိမ်ဒေသဖြစ်သည်။**

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ဌေးအောင်(ကြေးမုံ)နှင့် နိုင်ထွန်း(TGI)**

ယင်းအင်းလေးကန်သည် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သာမက တိုင်းရင်းသားရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများဖြင့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့တိုင်အောင် အထင်ကရကျော်ကြားပြီး ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုရှိသော လုပ်ငန်းနေရာကောင်းတစ်ခု ဖြစ်သည်။

အင်းလေးကန်တွင် လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွားများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး တည်းခိုနေထိုင်မှု အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် အင်းလေးကန်ဒေသအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အဆိုပြုတင်ပြချက်နှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ တည်ဆောက်ခွင့် တောင်းခံခြင်းကို သက်ဆိုင်ရာမှ အဖွဲ့အစည်း အဆင့်ဆင့်သို့တင်ပြ၍ လမ်းညွှန်မှုခံယူကာ ဟိုတယ်တည်ဆောက်ခွင့်၊ ဟိုတယ်ဇုန်တည်ထောင်ခွင့်များအတွက် အင်ကြင်းကုန်းကျေးရွာနှင့် ချောင်းပါးကျေးရွာများအကြား အင်းလေးကန်အရှေ့ပိုင်း ကြိုးဝိုင်းမြေ ၆၂၂ ဧကအား ဟိုတယ်ဇုန်အဖြစ် သတ်မှတ်ရွေးချယ်ရန် ကွင်းဆင်းလေ့လာခဲ့ရာ (၁)အခြားမြေအသုံးချမှုနှင့် ဆိုင်ရာဆိုင်ခွင့်များပေးထားမှုမရှိခြင်း၊ (၂)အင်းလေးကန်ရေပြင်ကို အပေါ်စီးမှ မြင်တွေ့နိုင်သည့် ပေ ၁၅၀ နှင့် ၂၅၀ ခန့်မြင့်သော တောင်တန်းငယ်များ၊ တောင်စွယ်တောင်လတ်များ မြောက်မှတောင်သို့ တစ်ဆက်တည်း တည်ရှိခြင်း၊ (၃)ကားလမ်းနှင့် အင်းရေပြင်အကြား နှစ်မိုင်အတွင်း ယာဟောင်းများသာရှိပြီး အဆောက်အအုံများ မရှိသည့်အတွက် မြင်ကွင်းကောင်းမွန်ခြင်း၊ (၄)အင်းလေးကန်အတွင်းရှိ ဝင်ရောက်ရန် ပင်မလမ်းကြောင်းတစ်ခု

**စာမျက်နှာ ၈ ကော်လံ ၁ သို့●**

**အင်းလေးကန်သို့ နိုင်ငံခြားခရီးသွားများစွာ လာရောက်လေ့လာကြသည်ကို တွေ့ရစဉ်။**





**ကြေးမုံစာတည်းရှုထောင့်** ၈-၅-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

# အနီရောင်နတ်မိမယ်

လူ့ဘဝသို့ မွေးဖွားရှင်သန်ရောက်ရှိလာနိုင်အောင် ဆောင်ကြဉ်းပေးသည့် အနီရောင်နတ်မိမယ်များ သို့မဟုတ် လူ့ဘောင်လောကသို့ လူမမယ်တစ်ယောက်အဖြစ် ရောက်ရှိလာအောင် စွမ်းဆောင်ပေးသည့် နတ်မိမယ်များကို ကျေးဇူးတင်ထိုက်သူများဟု ဆိုချင်ပါသည်။

အဆိုပါ အနီရောင်နတ်မိမယ်များမှာ ကိုယ်ရောင်ကိုယ်ဝါတောက်ပသည့် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော နတ်သမီးများမဟုတ်ပါ။ ခေါင်းဆောင်းအဖြူ အင်္ကျီဖြူနှင့် ထဘီအနီဝတ် သူနာပြုသားဖွားဆရာမများဖြစ်ပါသည်။

အမိဝမ်းအိမ်အတွင်းမှ လူ့အသက်တစ်ချောင်းကို ဘေးမသီရန်မခ ရှင်သန်မွေးဖွားနိုင်ရန်အတွက် ဆောင်ရွက်ပေးသော အနီသူနာပြုများအား ဂုဏ်ပြုသောအားဖြင့် နတ်သမီးနှင့် တင်စားခိုင်းနှိုင်းသုံးနှုန်းထားခြင်း ဖြစ်ပါသည်။

ယနေ့အသက်ရှင်သန်ရပ်တည်နေကြသော လူသားအပေါင်းတို့သည် အဆိုပါ နတ်မိမယ်ဟု ခေါ်ဆိုထိုက်သည့် သူနာပြုသားဖွားဆရာမများ၏ စွမ်းဆောင်မှုကြောင့် လူ့ဘောင်လောကသို့ ရောက်ရှိလာခြင်းဖြစ်ရာ ကျေးဇူးတင်ထိုက်သူများဟု ခေါ်ဆိုနိုင်ပါသည်။

သို့သော် လူအဖြစ်ကိုရောက်ခဲ့သော်လည်း အနီဆရာမများကို ကျေးဇူးတင်ရကောင်းမှန်း မသိခဲ့ကြသည်ကိုဖြင့် ဝန်ခံရမည်ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ကို မေ ၅ ရက်က မြန်မာနိုင်ငံတွင် ပထမဆုံး ကျင်းပခဲ့ရာ ကမ္ဘာပေါ်ရှိ ကျွန်ုပ်တို့ လူသားအားလုံးအတွက် ဝမ်းမြောက်ကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံအဖို့ တစ်ချိန်သောအခါက သားဖွားဆေးရုံနှင့် အလှမ်းဝေးသောဒေသများတွင် အရပ်လက်သည်ကို အားကိုးအားထားပြု၍ လူတစ်ဦးလူ့လောကသို့ရောက်အောင် မွေးဖွားပေးခဲ့ကြသည်။ ပစ္စည်းကိရိယာ မစုံလင်ခြင်းနှင့် နိုင်ငံနှင့်အနှံ့ ဖွားလူနာနှင့် မွေးဆရာမ မလုံလောက်ခြင်းတို့ကြောင့် အဖိတ်အစဉ်များရှိနေသည်ကို မကြာမကြာကြားနေခဲ့ကြသည်။

အမှန်တကယ်တွင် "ယောကျာ်းဖောင်စီး မိန်းမမီးနေ" ဟူသော ဆိုရိုးစကားအတိုင်း ယောကျာ်းများ လှိုင်းလေထန်ချိန်ဖောင်စီးရာ၌ အန္တရာယ်များသကဲ့သို့ မိန်းမများလည်း မီးဖွားချိန်တွင် သချိုင်းသို့ မျက်စောင်းထိုးရလောက်အောင် အန္တရာယ်များလှပါသည်။

ကမ္ဘာ့ကျန်းမာရေးစစ်တမ်းများအရ ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် မိခင်ပေါင်း ၂၈၇၀၀၀နှင့် တစ်နှစ်အောက်ကလေး သုံးသန်းကျော်ခန့်တို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မွေးဖွားပြီးစဉ် အချိန်တို့တွင် သေဆုံးနေကြောင်းသိရသည်မှာ အနီရောင်နတ်မိမယ်တို့ မကယ်နိုင်၍ ဖြစ်ရသည်ဟု ဆိုချင်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်အထိ သားဖွားဆရာမ ၂၀၀၄၄ ဦး မွေးထုတ်ပေးနိုင်ခဲ့သော်လည်း ၉၉၃၂ ဦးကိုသာ ဒေသအလိုက် တာဝန်ပေးခန့်ထားနိုင်ပါသေးသည်။ နိုင်ငံတစ်ဝန်းတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိရာ ခုနစ်ရွာခန့်လျှင် အနီရောင်နတ်မိမယ်တစ်ယောက်မျှဖြင့် မနိုင်ဝန်ကို ထမ်းရသဖြင့် မဖြစ်သင့်မဖြစ်ထိုက်သည်များ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် မိခင်နှင့်မွေးကင်းစကလေး သေဆုံးမှုလျှော့ချရေးတွင် အနီရောင်နတ်မိမယ်များ၏အခန်းကဏ္ဍသည် အထူးအရေးပါနေပါသည်။ ဤအလုပ်မှာ လူတိုင်းလုပ်နိုင်ခဲ၍ လုပ်နိုင်သော သားဖွားဆရာမများ တိုးတက်ခန့်ထားနိုင်ရန် လိုအပ်နေပါသည်။

သို့ဖြစ်ရာ အရည်အသွေးပြည့်ဝသော သားဖွားဆရာမ သို့မဟုတ် အနီရောင်နတ်မိမယ် (Red Angel)များ လုံလောက်စွာရရှိရေးနှင့် ပစ္စည်းကိရိယာစုံလင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

## ဓမ္မာစရိယစာမေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၇**

နေပြည်တော် ပျဉ်းမနားမြို့ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ ရဟန်း/သာမဏေ၊ သီလရှင် ၆၅ ပါးတို့ ဓမ္မာစရိယစာမေးပွဲ ဖြေဆိုနေမှုကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဋ္ဌေးသည် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ရဟန်း/သာမဏေ၊ သီလရှင် ၉၁ပါးတို့ ဓမ္မာစရိယစာမေးပွဲဖြေဆိုနေမှုကို ဒုတိယဝန်ကြီး ဦးစိုးဝင်းသည် လည်းကောင်း ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

၁၃၇၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စာဖြေဌာန စုစုပေါင်း ၅၀ ရှိပြီး ယနေ့ဖြေဆိုအင်အားစာရင်းမှာ ၈၈၇၆ ပါး ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ရေစက်ချမင်္ဂလာကျင်းပ

**ရန်ကုန် မေ ၇**

ဆဋ္ဌသင်္ဂါယနာတင် သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား မျက်ပါးရွှေစစ်များဖြင့် လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတွင် ( ၉ လက်မ × ၉ လက်မ)ပတ်လည်ရွှေစင်ရွှေသားတစ်ကျပ်သား ရွှေပြားများ ကပ်လှူပူဇော်ပြီးဖြစ်သောကြောင့် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပြီးမြောက်ခြင်းအောင်ပွဲအထိမ်းအမှတ်အဖြစ် မေ ၅ ရက် နံနက်ပိုင်းတွင် ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ ရုံးခန်း၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ ဩဝါဒါစရိယဆရာတော်များ ဦးဆောင်သောပင့်သံဃာ ၁၈ ပါး၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေသင်္ကန်းအလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များဖြင့် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ပရိတ်တရားတော်များ နာယူကာ လှူဒါန်းမှု အစုစုအား ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

(သတင်းစဉ်)




### ဆုတောင်းပြည့်လိုက်ပုံက

"မနေ့ညက မြန်မာ့ရုပ်မြင်သံကြားကလွှင့်တဲ့ မီးများအားလုံး ငြိမ်းပါစေဆိုတဲ့ မီးသတ်တပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်းလေး ကောင်းလိုက်တာဗျာ၊ မို့မို့မြင့်အောင်က ဇင်ဝိုင်းကိုစိတ်နာပြီး မီးသတ်တပ်ဖွဲ့ကို မုန်းနေတာဗျ"

"နောက်ဆုံးကျတော့ ဘာဖြစ်သွားလဲ ဆရာ"

"အို. . ပြီးအောင် မကြည့်လိုက်ရပါဘူးဗျာ. . ကြည့်ကောင်းတုန်း မီးပျက်သွားလို့"

"ဟောဗျာ"

### သိကြားမင်းလည်း မနေနိုင်

"အလို. . ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာနဲ့ အချိန်မဟုတ်၊ အခါမဟုတ်၊ သင်္ကြန်တွင်းလည်းမဟုတ်ပါဘဲနဲ့ ဘယ်အရေး ဘယ်အခင်းကြောင့် လူ့ပြည်ကို ကြွမြန်းလာရပါသလဲ အရှင်သိကြားမင်း"

"အင်း. . ၁၅၀၀ တန် ဖုန်းလေးလိုချင်လို့ အုပ်ချုပ်ရေးမှူးဆီလာခဲ့တာပါ အသင်လူသား"

"ဒီလိုဆိုရင် မဲနှိုက်မိအောင် အမြန်ကြွတော်မူပါ၊ တော်ကြာ ငါးသောင်းအမြတ်ပေးပြီး ဝယ်နေရပါဦးမယ်"

"ဟေ"

ဆရာသောင်း(ရမည်းသင်း)

## မိုင်းဖြတ်ဝမ်ဟော့ရပ်ကွက်၌ မီးလောင်

**မိုင်းဖြတ် မေ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ ဝမ်ဟော့ရပ်ကွက်ရှိ ဦးစိုင်းနှင်းငွေ၏ လက်ဖက်ရည်ဆိုင်၌ မေ ၇ ရက် နံနက် ၆ နာရီ ၃၅ မိနစ်တွင် ဝါယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်သုံးပစ္စည်းအချို့ မီးသင့်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တာဝန်ခံအရာရှိ ဦးကိုကိုနိုင် ဦးစီးသော သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် အချိန်မီငြိမ်းသတ်နိုင်ခဲ့ပြီး အခြားနေအိမ်များကို ကူးစက်လောင်ကျွမ်းခြင်းအား တားဆီးနိုင်ခဲ့ကာ မီးပေါ်ဆသူအား မိုင်းဖြတ်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၆၉၃)

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်
အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအမျိုးမျိုး (Plastic Surgery)ကို အလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုနယ်ပယ်တွင်အတွေ့အကြုံများစွာရှိသော **ထိုင်းနိုင်ငံမှဆရာဝန်ကြီး** ကိုယ်တိုင် မေလ ၁၅ ရက်မှ ၁၈ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

# တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၃)ကို ယနေ့ နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၃)ဖြင့် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီကို ခေတ်စနစ်နှင့်အညီ အဖွဲ့ဝင် ၃၁ ဦးဖြင့် ပြန်လည်ပြင်ဆင် ဖွဲ့စည်းပေးခဲ့ပြီဖြစ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်သင့်သည်ဟု ယူဆသော ရှေးဟောင်းနေရာ၊ ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းပစ္စည်းများကို ဖော်ထုတ်စာရင်းပြုစုခြင်း၊ သုတေသနပြုခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ၊ သုခုမများ လေ့လာဖော်ထုတ် ထိန်းသိမ်းပြန့်ပွားရေးဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုအနုပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေး ပိုမိုမြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မိမိတို့၏ ဒြပ်ရှိနှင့်ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာကသိရှိလာအောင် ဆောင်ရွက်၍ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းခြင်း၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဗဟိုကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပါမောက္ခချုပ်များ၊ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌနှင့် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာန ပါမောက္ခတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ကုန်ပို့ခနှုန်းများ ထပ်မံကျဆင်း

**ရန်ကုန် မေ ၇**

ရန်ကုန်မှမူဆယ်သို့ ကုန်ပို့ကားခနှုန်းများ ထပ်မံကျဆင်းလာရာ မေ ၆ ရက်တွင် ဆန်တစ်တန် (အိတ် ၂၀) လျှင် ၁၂ ဘီးကုန်တင်ယာဉ်ဖြင့် ကားခ ကျပ်ခြောက်သောင်းနှုန်းသာ ရှိကြောင်း ကုန်တင်ပို့သူ ဘုရင့်နောင်ပွဲရုံ ပိတောက်လမ်း ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

သင်္ကြန်မတိုင်မီ ရန်ကုန်မှ မူဆယ်သို့ ဖရဲသီးတစ်တန်လျှင် ကားခ ကျပ် ၉၅၀၀၀ ဝန်းကျင်၊ ဆန်တစ်တန်လျှင် ကားခ ကျပ် ၇၉၀၀၀ ဝန်းကျင် ရှိရာမှ သင်္ကြန်အလွန်တွင် ဆန်တစ်တန် ကားခ ကျပ် ၇၀၀၀၀ ဝန်းကျင်၊ ဧပြီလ ကုန်တွင် ကျပ် ၆၇၀၀၀ ဝန်းကျင်သို့ ကားခနှုန်းများ ကျဆင်းလာရာမှ ထပ်မံကျဆင်းလာကြောင်း၊ ၂၂ ဘီးတွဲ ကားဆိုလျှင် ဆန်တစ်တန် ကားခ ကျပ် ခြောက်သောင်းအောက်သို့ ကျဆင်းနိုင်သည်ဟု သိရသည်။

ရန်ကုန်မှ မူဆယ်သို့ ကားခများ ကျဆင်းပြီး မူဆယ်မှ ရန်ကုန်သို့ ကားခမှာ မြင့်တက်ခြင်းမရှိကြောင်း၊ မူဆယ်မှ မန္တလေးသို့ကားခမှာ တစ်ပိဿာ ၆၅ ကျပ်ဝန်းကျင်၊ မူဆယ်မှ ရန်ကုန်သို့ ကုန်တစ်ပိဿာ ကားခ ၉၅ ကျပ်ဝန်းကျင်သာရှိရာ ရန်ကုန်-မူဆယ်ခရီးစဉ်တွင် အသွားအပြန်ကားခ ကုန်တစ်တန်လျှင် ကျပ် တစ်သိန်း နှစ်သောင်းဝန်းကျင်ရှိပြီး ယခင်နှစ်ထက်ကုန်တစ်တန်လျှင် ကျပ် ငါးသောင်းဝန်းကျင် လျော့နည်းလာကြောင်း ရန်ကုန်-မန္တလေး မူဆယ်ဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ပုသိမ်မှ ရန်ကုန်သို့ မေလကုန်တွင် ဆန်တစ်အိတ်ကားခကျပ် ရှစ်ရာနှုန်းသို့ မြင့်တက်ခဲ့သော်လည်း မေ ၆ ရက်တွင် ကျပ် ခုနစ်ရာနှုန်းသို့ ကျဆင်းလာကြောင်း၊ ပုသိမ်ဓာတ်မြေဩဇာစက်ရုံမှ ရန်ကုန်သို့ မြေဆီအိတ်များ တင်ပို့ရာတွင် တစ်အိတ် ရှစ်ရာ့ငါးဆယ်ကျပ်နှုန်းရှိကြောင်း ပုသိမ်မှ ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ယခင်နှစ် ပုသိမ်မှ ရန်ကုန်သို့ မေလဆန်းတွင် ဆန်တစ်အိတ်ကားခ ကျပ် ၁၀၀၀ နှုန်း၊ မြေဆီတစ်အိတ် ကျပ် ၁၂၀၀ နှုန်းရှိခဲ့ကြောင်း သိရသည်။ ကုန်ကားခများကျဆင်းမှုကြောင့် ကုန်ကားပိုင်ရှင်များ ဝင်ငွေနည်းသွားသော်လည်း ကုန်စည်ရောင်းဝယ်ရေးတွင် ကားခများ ကျဆင်းမှုကြောင့် ကုန်ရောင်းကုန်ဝယ် လုပ်ကိုင်သူများအဖို့ အမြတ်အစွန်း ဝင်ငွေပိုလာသည်ဟု သိရသည်။

**(မောင်စေအောင်)**



ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်အတွင်း အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ (၆၈၆)

**လူမှုဒုက္ခပေးလိုက**
**စဉ်ပမီးဘေးကာကွယ်ပေး**

# ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၇၃၅/၂၀၁၃**
**နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်)**

၁။ ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၃)မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေရန်အတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံး စက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊ ဓာတ်မြေဩဇာနှင့် လယ်ယာသုံး စက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများ ပြည်တွင်းထုတ်လုပ်ရောင်းချမှုတို့အပေါ် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၁-၄-၂၀၁၃ ရက်နေ့မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

**ဝင်းရှိန်**
**ပြည်ထောင်စုဝန်ကြီး**

# ဆယ်ကျော်သက်အရွယ်က ပျောက်ဆုံးသွားသည့် အမေရိကန်မလေးသုံးဦး ၁၀ နှစ်ခန့် အကြာတွင် အိမ်တစ်အိမ်တည်းမှ ပြန်လည်တွေ့ရှိ၊ ယင်းကိစ္စနှင့်ပတ်သက်၍ ညီအစ်ကိုသုံးဦး ဖမ်းဆီးထား

ဆယ်ကျော်သက်အရွယ်ကပျောက်ဆုံးသွားသည့် အမေရိကန်မလေးသုံးဦးကို ဆယ်စုနှစ်တစ်ခုအကြာတွင် အမေရိကန်နိုင်ငံ အိုဟိုင်ယိုပြည်နယ် ကလီဗီလန်မြို့ နေအိမ်တစ်လုံး၏ မြေအောက်ခန်းတစ်ခန်းတွင် သံကြိုးများဖြင့် ချည်နှောင်လျက်ပြန်လည်တွေ့ရှိခဲ့ရသည်။

အမန်ဒါဘယ်ရီ (၂၆)နှစ်၊ ဂျီနာဒီဂျူး (၂၃)နှစ်နှင့် မီရှယ်လ်နိုက် (၃၂) နှစ်တို့သည် မေ ၆ရက်တွင် ကလီဗီလန်မြို့ နေအိမ်မှ လွတ်မြောက်လာကြပြီဖြစ်သည်။

အမန်ဒါဘယ်ရီမှာ အသက် (၁၆) နှစ်အရွယ် ၂၀၀၃ ခုနှစ် ဧပြီ ၂၁ ရက်က ပျောက်ဆုံးသွားခဲ့သူဖြစ်သကဲ့သို့ ဂျီနာဒီဂျူးမှာလည်း အသက်(၁၄) နှစ်အရွယ် ၂၀၀၄ ခုနှစ် ဧပြီ ၂ ရက်တွင် ပျောက်ဆုံးသွားခဲ့သူ ဖြစ်သည်။ အသက် (၃၂) နှစ်ရှိ မီရှယ်လ်နိုက်မှာ ၂၀၀၀ ပြည့်နှစ် အသက်(၂၀)အရွယ်ကတည်းက ပျောက်ဆုံးသွားခဲ့သူဖြစ်သည်။

၎င်းတို့အား ဖမ်းဆီးချုပ်နှောင်ထားသူများ အပြင်ထွက်သွားစဉ် အမန်ဒါဘယ်ရီ၏ အော်ဟစ်အကူအညီတောင်းသံကို အိမ်နီးချင်းအမျိုးသားတစ်ဦးကကြားပြီး အိမ်တံခါးကို ချိုးဖောက်ဝင်ရောက်ကာကယ်တင်ခဲ့ပြီး ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ညီအစ်ကိုသုံးဦးကို ဖမ်းဆီးထားပြီး ၎င်းတို့အနက် တစ်ဦးမှာ အသက် (၅၂) နှစ်ရှိ အရီရယ်ကတ်စထို ဆိုသူဖြစ်သည်။ နေအိမ်အကျဉ်းစခန်းမှ လွတ်မြောက်လာစဉ်ဘယ်ရီမှာကလေးတစ်ယောက်ကို ပွေ့ပိုက်ထွက်လာခဲ့ခြင်းဖြစ်ပြီး အဆိုပါနေအိမ်တွင်အခြားကလေးများလည်းရှိနေသည်ဟု ဆိုသည်။ ဘယ်ရီ၏ ဆွေမျိုးများက နေအိမ်တွင်းရှိသည့် ကလေးများထဲမှ တစ်ယောက်သည် ဘယ်ရီ၏ ကလေးဖြစ်သည်ဟု အတည်ပြုပြောကြားသည်။

အရီရယ်ကတ်စထိုမှာ အဆိုပါ နေအိမ်တွင် ၁၉၉၂ ခုနှစ်ကတည်းက နေထိုင်ခဲ့သူဖြစ်ပြီး ၁၉၉၃ ခုနှစ် ပြည်တွင်းအကြမ်းဖက်မှုတစ်ခုတွင် ပါဝင်ခဲ့မှုကြောင့် အဖမ်းခံခဲ့ရဖူးသည်။

အမျိုးသမီးသုံးဦးမှာ အကျဉ်းချခံထားရစဉ်တစ်လျှောက်လုံး သံကြိုးများဖြင့် ချည်နှောင်ထားခံရပြီး မျက်နှာကြက်တစ်ခုတွင် ချိတ်ဆွဲထားသည့် သံကြိုးများကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သည်။

ယခုအခါ အဆိုပါ အမျိုးသမီးသုံးဦးကို ဆေးရုံသို့ တင်ပို့ထားပြီး ရေဓာတ်ကုန်ခန်းခြင်းနှင့် အာဟာရချို့တဲ့မှု ဝေဒနာများခံစားခဲ့ရသော်လည်း အသက်အန္တရာယ် စိုးရိမ်စရာမရှိဟု သိရသည်။

**(ဒေးလီးမေးလ်)**





အသက်(၁၆) နှစ်အရွယ်က အမန်ဒါဘယ်ရီနှင့် အသက် (၁၄)နှစ်အရွယ်က ဂျီနာဒီဂျူးတို့ကို တွေ့ရစဉ်။

**အောဝမ်းစိုး**

၂၀၁၂ အောင်စာရင်းတစ်ခုထဲမှ ကောင်းထက်ကျော်၏ ဘာသာစုံဂုဏ်ထူးရှင်များ



Hot Line - 01 545440, 01 552348, 09 420 700013, 09 420 700012
PRIVATE Grade - 6, 7, 8, 9 Grade - 10, 11

ကောင်းထက်ကျော်
● ကိုယ်ပိုင်အထက်တန်းကျောင်း
● စခန်းသွင်းဘော်ဒါ
● အဆင့်မြင့်စာသင်ဝိုင်းများ
နေရာသစ်တွင် တိုးချဲ့ဖွင့်လှစ်ပါမည်။
ကြိုတင်အပ်နှံမှုသာ နေရာစိတ်ချရပါမည်။


မေ ၇ ရက်က မြို့တော်မော်စကိုရှိ ဗီနူကိုဗိုလေဆိပ်သို့ ဆိုက်ရောက်လာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ(အလယ်)။

# ရုရှားနှင့်ဆက်ဆံရေးပြန်လည်တိုးတက်ရန်ရည်ရွယ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မော်စကိုသို့ရောက်

**မော်စကို မေ ၇**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် မေ ၇ ရက်က ရုရှားနိုင်ငံ မြို့တော်မော်စကိုသို့ ရောက်ရှိလာသည်။ ကယ်ရီသည် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်လာစေရန်ရည်ရွယ်လျက် ရုရှားနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**စတင်တာဝန်ယူ**

ကယ်ရီသည် ဖေဖော်ဝါရီလက အမေရိကန်အစိုးရအဖွဲ့၏ သံတမန်အကြီးအကဲအဖြစ် စတင်တာဝန်ယူခဲ့ချိန်နောက်ပိုင်း ရုရှားနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။ ကယ်ရီ၏ ရုရှားနိုင်ငံခရီးစဉ်သည် သံတမန်ရေးအရ အရေးအကြီးဆုံး လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ဆို၏။

ကယ်ရီသည် မေ ၇ ရက်နှောင်းပိုင်းတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားသည်။ ၎င်းတို့နှစ်ဦးတွေ့ဆုံဆွေးနွေးရာတွင် ဆီးရီးယားပြဿနာကို အဓိကဆွေးနွေးကြမည်ဟုမျှော်လင့်ရသည်။ ကယ်ရီသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ အမေရိကန်နှင့် ရုရှား အထက်တန်းတာဝန်ရှိသူများ၏ ဆွေးနွေးမှုများတွင် လွန်ခဲ့သည့်လက အမေရိကန်နိုင်ငံ ဘော်စတွန်မြို့၌ ဖြစ်ပွားခဲ့သော မာရသွန်အပြေးပြိုင်ပွဲ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ရပ်လည်း ပါဝင်မည်ဟု မျှော်လင့်ရသည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုကို ရုရှားနိုင်ငံချေချင်းညာနွယ်ဖွားညီအစ်ကိုနှစ်ဦးက ကျူးလွန်ခဲ့သည်ဟု ယူဆရသည်။ **အေအက်ဖ်ပီ။**



## ကဒါဖီခေတ် အရာရှိများကိုပိတ်ပင်သည့်ဥပဒေ လစ်ဗျားပါလီမန် အတည်ပြု

**ထရီပိုလီ မေ ၇**

လစ်ဗျားနိုင်ငံတွင် ဗိုလ်မှူးကြီးမွမ်မာကဒါဖီ လက်ထက်၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိများကို ယခုအစိုးရရုံးများ၌ တာဝန်ထမ်းဆောင်ခြင်းမှ တားမြစ်ပိတ်ပင်သော ဥပဒေကို ပါလီမန်ကအတည်ပြုပေးကြောင်း မေ ၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဥပဒေကိုထောက်ခံသည့် ပြည်သူ့စစ်များက တရားရုံးနှင့် နိုင်ငံခြားရေးရုံးတို့ကို ဝိုင်းထားပြီးနောက် သီတင်းတစ်ပတ်အကြာတွင် အထွေထွေအမျိုးသား ကွန်ရက်၌ မဲပေးဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၎င်းပြည်သူ့စစ်များက ယင်းဥပဒေကြမ်းကို အတည်ပြုပြီးမှသာ ထွက်ခွာကြမည်ဟုပြောသည်။

ဤဥပဒေတွင် ဝန်ကြီးချုပ်အလီဇိုင်ဒန်အပါအဝင် အစိုးရထိပ်တန်းအရာရှိကြီးများအားလုံး အကျုံးဝင်မည်ဖြစ်သည်။

ဇိုင်ဒန်နှင့် အထွေထွေအမျိုးသားကွန်ဂရက်ဥက္ကဋ္ဌ မိုဟာမက်မီဂါယက်တို့သည် တော်လှန်ရေးမဖြစ်မီအချိန်က သံတမန်များအဖြစ်တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

အမတ်ဦးရေ ၂၀၀ ရှိသည့် ကွန်ဂရက်၌ မဲပေးပုံကို နိုင်ငံပိုင်ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ရာ ယင်းဥပဒေကို ၁၆၄ ဦးက ထောက်ခံမဲပေး၍ လေးဦးက ကန့်ကွက်မဲပေးခဲ့ကြသည်။ အတည်ပြုရန်အတွက် စုစုပေါင်းအမတ်ဦးရေ၏ သုံးပုံနှစ်ပုံနှင့် တစ်မဲရရှိရန် လိုအပ်သည်။ **ဘီဘီစီ။**

## အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုများကြောင့် ဆီးရီးယားစစ်သား ၄၂ ဦးသေဆုံးခဲ့ရဟုဆို

**ဒမတ်စကပ် မေ ၇**

ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်က အစ္စရေးနိုင်ငံက ဆီးရီးယားနိုင်ငံကို လေကြောင်းမှစီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့မှုကြောင့် စစ်သား ၄၂ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က မေ ၇ ရက်တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံ၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားပဋိပက္ခ ပိုမိုကြီးထွားလာမည့်အရေးကို ကမ္ဘာ့နိုင်ငံများက စိုးရိမ်ပူပန်မှုဖြစ်ကြရသည်။

အစ္စရေးနိုင်ငံ၏ ကျူးကျော်တိုက်ခိုက်မှုကို ပြန်လည်၍လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ဆီးရီးယားအစိုးရတာဝန်ရှိသူတစ်ဦးက ခြိမ်းခြောက်ပြောကြားခဲ့သည်။

အစ္စရေး၏ လေကြောင်းမှတိုက်ခိုက်မှုများကြောင့် စစ်သား ၄၂ ဦးထက်မနည်း သေဆုံးခဲ့ရပြီး လူ ၁၀၀ ခန့် ပျောက်ဆုံးနေကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူး ရာမန်က ပြောကြားသည်။

ထိုစဉ်အတွင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူး ပွန်တေးက ဆီးရီးယားသူပုန်အဖွဲ့ဝင်များသည် အာရုံကြောထိခိုက်စေနိုင်သော လက်နက်ကို အသုံးပြုနေကြောင်း ဝေဖန်ပြောကြားသည်။

အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံကို ၄၈ နာရီအတွင်း ဒုတိယအကြိမ်တိုက်ခိုက်မှုအဖြစ် မေ ၅ ရက်က လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း၊ မေ ၃ ရက် အစောပိုင်း တိုက်ခိုက်မှုမှာ ဒမတ်စကပ်လေဆိပ်ရှိ လက်နက်သိုလှောင်ရုံတစ်ရုံကို ပစ်မှတ်ထားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **အေအက်ဖ်ပီ။**


မေ ၆ ရက်က အစ္စရေး၏လေကြောင်းမှ တိုက်ခိုက်မှုများကို တူနီးရှားနိုင်ငံ တူးနစ်မြို့၌ ကန့်ကွက်ဆန္ဒပြကြစဉ်။

**ဝမ်းမြောက်ဂုဏ်ယူကြောင်းဆုမွန်လွှာ**

နိုင်ငံတော်သမ္မတကိုယ်တိုင် ချီးမြှင့်ပေးအပ်သော နိုင်ငံတော်မှ ချီးမြှင့်သည့် စွမ်းဆောင်ရည်ဆုများအနက်မှ “တန်ဖိုးမြှင့်ထုတ်ကုန်အများဆုံးထုတ်လုပ်ရောင်းချနိုင်သည့်စီးပွားရေးလုပ်ငန်းရှင်ဆု”လက်ခံရရှိခဲ့သော National Wood Industries Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းအား ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံတော် ၏ အကျိုးကိုလည်း ယခုထက်ပို၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမြင့်ကြည် - ဒေါ်စမ်းစမ်းဝင်း

ဦးမောင်မောင်ဝင်း - ဒေါ်စုစုရီ Talent Sense Co.,Ltd.

**ဆူးလေစင်တာပွိုင့်** ဖက်ရှင်ဆိုင်မှ ဆိုင်ရှိပစ္စည်းများအားလုံးကို 10%,20%, 30%,40%,50%,60%,70% အထိ မကြုံစဖူးဈေးနှုန်းနဲ့ အထူးလျှော့ဈေးရောင်းချပေးနေပါသည်။

အမှတ်-၂၁၀-၂၁၄၊ ဆူးလေဘုရားလမ်းနှင့် ၃၂လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၀၁-၂၄၆၅၇၆၊ ၂၅၂၈၀၄၊ ၃၈၄၅၅၄

(၆.၅.၂၀၁၃) မှ (၂၅.၅.၂၀၁၃)အထိ (Special Discount)

# ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဖြူးပေးနိုင်ရန် ဌာနခွဲများ၊ ယာယီဖြန့်ဖြူးရေးဌာနများ ဖွင့်လှစ်ထားရှိရန်လိုအပ်

**နေပြည်တော် မေ ၇**

ရန်ကုန်မြို့ ဒဂုံမြို့နယ်စကားဝါလမ်းရှိ ဗဟိုဆေးသိုလှောင်ရေးဌာနသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မေ ๅ ရက် နံနက်၈နာရီခွဲတွင် သွားရောက်၍ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ ယာဉ်နှင့်စက်ကိရိယာပစ္စည်းများ သိုလှောင်သိမ်းဆည်းထားမှု၊ ဖြန့်ဖြူးပေးမှုတို့ကို စစ်ဆေးပြီး အစည်းအဝေးခန်း၌ တာဝန်ခံများနှင့်တွေ့ဆုံကာ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင် ဌာနများဖွင့်လှစ်၍ တိုင်းဒေသကြီးများနှင့်ပြည်နယ်အသီးသီးရှိ ဆေးရုံကြီးများနှင့် ကျန်းမာရေးဌာနများသို့ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများသိုလှောင်ဖြန့်ဖြူးပေးနေရကြောင်း၊ အထူးကုဆေးရုံကြီးများနှင့် ခွဲစိတ်ခွဲခန်းများ၊ သားဖွားနှင့် မီးယပ်ကုသဆောင်များ၊ အထူးကြပ်မတ်ကုသခန်းနှင့် ရောဂါထိန်းချုပ်ကုသခန်းများအတွက် သီးသန့်ပစ္စည်းများလည်း ဖြည့်ဆည်းပေးရသည့်အတွက် ပစ္စည်းများဆုံးရှုံးပျက်စီးမှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပြည်သူ့အကျိုး၊ လူနာအကျိုးရှိသည့်လုပ်ငန်းများတွင် မကုန်သင့်သည်များကို မကုန်စေဘဲ အလေအလွင့်မရှိအောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ ခွေးရူးကာကွယ်ဆေးနှင့်မြွေဆိပ်ဖြေဆေးများကို ဖြန့်ဝေပေးရာ၌ တိုင်းဒေသကြီးများနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးများမှ တာဝန်ယူထိန်းသိမ်းကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Guide Line အတိုင်းဆေးများထိုးနှံအသုံးပြုနိုင်အောင် ခွဲဝေချထားပေးရမည်ဖြစ်ကြောင်း၊ လူနာနှင့်အများပြည်သူအတွက် အခက်အခဲတွေ့စေမည့်လုပ်ငန်းများ၊ ပြောင်းလဲလာသည့်ခေတ်၊ စနစ်နှင့်မကိုက်ညီပါက ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရန်၊ ဖြေလျှော့သင့်သည်များကို ဖြေလျှော့ပြီး တိုးမြှင့်ဆောင်ရွက်သင့်သည်များကို တိုး၍ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေများနှင့် ရာသီအလိုက် ကူးစက်ရောဂါဖြစ်ပွားလာမှုများရှိနိုင်သည့်အတွက် လုပ်ငန်းအဆင်ပြေချောမွေ့စေရန် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့တော်များနှင့်အခြားလိုအပ်သောနေရာများတွင် ဆေးနှင့်ဆေးပစ္စည်းများဖြန့်ဖြူးပေးနိုင်ရန် ဌာနခွဲများ၊ ယာယီဖြန့်ဖြူးရေးဌာနများ ဖွင့်လှစ်ထားရှိသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူနာတင်ယာဉ်များ၊ Nippon Foundation မှ ထောက်ပံ့သော မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၈-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၀ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၂၀ | "မဟော်သဓာ"(အပိုင်း-၁၄) (ဒုတိယပိုင်း)(ဇာတ်သိမ်း) |
| ၁၂း၂၅ | ဖြူ/မည်းရုပ်ရှင် "နွေရူပ" (ဇော်ဝမ်း၊ ခင်သီတာထွန်း) (ဒါရိုက်တာ- မောင်တင်ဦး) |
| ၂း၁၀ | "တန်ဖိုးထားထိန်းသိမ်းပါအစဉ် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်" (မြိတ်ကျွန်းစုများဆီသို့) |
| ၄း၃၀ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက |
| ၄း၄၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ)(ရုက္ခဗေဒ) |
| ၅း၂၅ | "ပြည်သူအတွက်ကုသပေး ရွှေလျားကျန်းမာရေး" |
| ၆း၀၀ | ပြည်တွင်းသတင်း+မိုးလေဝသ သတင်း |
| ၈း၀၀ | ပြည်တွင်းသတင်း+ နိုင်ငံတကာ သတင်း+ မိုးလေဝသသတင်း |
| ၈း၃၅ | ပြည်သူတို့ရဲ့ စကားသံများ |
| ၈း၄၅ | "တောင်သူပညာပေး စိုက်ပျိုးထားဓာတုဆေးလွှတ်သစ်သီးဝလံ စိုက်ခင်းများ" -မိုးသောက်ပန်းတေးဂီတအဖွဲ့ ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၁) |

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

**ရန်ကုန် မေ ၇**

၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

## ရေးသားယှဉ်ပြိုင်နိုင်

ဝတ္ထုတိုပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ ချစ်စဖွယ်ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အမျိုးဂုဏ် ဇာတိဂုဏ် ထိန်းသိမ်းမြှင့်တင်မှုများ၊ နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်မှုများ၊ တာဝန်ကျေပွန်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု စသောဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရေးသား၍ နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာ လေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်သည်။

## စည်းကမ်းချက်

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင်တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပါရှိရပါမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုသုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည် ဖြစ်သည်။

## စာမူများပေးပို့နိုင်

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၀၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဇွန် ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရှမ်းရိုးရာ ရှင်ပြုပွဲ

**ကျောက်မဲ မေ ၇**

ကျောက်မဲမြို့အနီးရှိ တံခွန်တိုင်ကျေးရွာ ကံမိန်းဘုန်းတော်ကြီးကျောင်း၌ ရှမ်းရိုးရာ စုပေါင်းရှင်ပြုပွဲကျင်းပရာ ရှင်လောင်းများကို ကျောက်မဲမြို့တွင်း လှည့်လည်နေကြသည်ကို မေ ၆ ရက် နံနက်ပိုင်းက တွေ့ရသည်။ **(ဝဲပုံ)**အဆိုပါ စုပေါင်းရှင်ပြုပွဲတွင် ရှမ်းတောင်သူများ၏ သားရတနာ ๅ၇ ဦးတို့ ရှင်သာမဏေပြုကြသည်။

**မောင်မောင်(ကျောက်မဲ)**




# ရေစုပ်စက်မှ မီးခိုးများကြောင့် အသက်ရှူကျပ် ရေတွင်းထဲ ပြုတ်ကျ၍ နှစ်ဦးသေဆုံး

**ရန်ကုန် မေ ၇**

မေ ๅ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ချောင်းဆုံရွာနေ ဦးမျိုးမြင့်အောင်၏နေအိမ်ခြံဝင်းအတွင်း အနက် ၃ๅ ပေခန့်ရှိရေတွင်းထဲမှ ရေများညစ်ပတ်နေ၍ ရေများထုတ်ရန် နိုင်ဝင်း(၃၁)နှစ်သည် ရေတွင်းအတွင်းဆင်း၍ ရေတွင်းအလယ်အရောက်တွင် တရုတ်နိုင်ငံထုတ် မြင်းကောင်ရေ (ๅ)ကောင်အားရှိ ကြိုးဆွဲရေစုပ်စက်ကို နှိုးရာမှ မီးခိုးများထွက်လာပြီး ပိတ်လှောင်နေသဖြင့် ကျော်ဌေး(၃ๅ)နှစ်က ဆင်းကယ်ရာ နှစ်ဦးစလုံး အသက်ရှူကျပ်ပြီး ရေတွင်းထဲ ပြုတ်ကျသေဆုံးသွားသည်။ **(သတင်းစဉ်)**







## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားပါ မော်တော်ယာဉ်သုံး အပိုပစ္စည်းများနှင့် ပတ်သက်၍ WIN AUTO PARTS ကုမ္ပဏီ အပါအဝင် အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေး၊ အမှတ်(၄၃-ဘီ)အခန်းအမှတ်(၄)ရှိ Golden Power Lamp Co.,Ltd လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

RBI ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသည် ထိုင်းနိုင်ငံအခြေစိုက် RUBBER INTERDRADE CO,.LTD. က ၎င်း၏ မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် လွန်ခဲ့သော(၁၀)နှစ်ခန့်ကတည်းက အသုံးပြုခဲ့ပြီး အဆိုပါကုန်အမှတ်တံဆိပ်ကို အသုံးပြုလျက် ကုမ္ပဏီသည် Engine Mounting, Engine Bushing, Rear Engine Mounting, Insulator Engin Shock Absorber, Centre Bearing, Arm Bush, Suspension Bush အစရှိသည်ဖြင့် မော်တော်ယာဉ်အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများတွင် အသုံးပြုရသည့် အဆင့်မြင့်ရော်ဘာအပိုပစ္စည်းမျိုးစုံကို ထုတ်လုပ်လျက် မြန်မာနိုင်ငံဈေးကွက်အတွင်း ၎င်းကုမ္ပဏီကထုတ်လုပ်သော အဆိုပါ RBI ကုန်အမှတ်တံဆိပ်ပစ္စည်းမျိုးစုံအား တစ်ဦးတည်း ဖြန့်ဖြူးရောင်းချခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အကျိုးခံစားခွင့် (Declaration of Ownership Trademark)၊ ကုန်အမှတ်တံဆိပ်ဆိုင်ရာ တရားဥပဒေအရအရေးယူခွင့် (Authorization for Legal Action)များအတွက် ၎င်းကိုယ်စား တရားဝင်ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ကျွန်ုပ်မိတ်ဆွေ Golden Power Lamp Co.,Ltd. အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်မှတစ်ဆင့် တရားဝင်ကိုယ်စားလှယ်ခန့်ထားလွှဲအပ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် Golden Power Lamp Co.,Ltd အနေဖြင့် ယင်း RBI ကုန်အမှတ်တံဆိပ်ကို မူပိုင်အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာချုပ် စာတမ်းမှတ်ပုံတင်ရုံးတော်၌ (၂၀၀၈)ခုနှစ်နှင့် (၂၀၁၃)ခုနှစ်များတွင် မှတ်ပုံတင်သွင်းထားပြီး ၁၃-၂-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၌ အများသိစေရန် ရှင်းလင်းကြေညာထားပြီးလည်းဖြစ်ပါသည်။

သို့ဖြစ်ရာ RBI ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက် သို့မဟုတ် ဆင်တူယိုးမှား၊ လိမ်လည်တုပထုတ်လုပ်ထားသော ရော်ဘာမော်တော်ယာဉ်သုံးအပိုပစ္စည်းများကို မည်သူမဆို ဈေးကွက်များအတွင်း ဖြန့်ဖြူးရောင်းချနေမှုအားရပ်ဆိုင်းရန်နှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောက်ရှိပြီးဖြစ်သော ယင်းကုန်စည်များကို ပြန်လည်သိမ်းဆည်းပေးရန် လိုအပ်ပါသည်။

ဤသတိပေးကြော်ငြာပါရှိပြီးနောက် ရက်သတ္တ(၁)ပတ်အတွင်း ဤကြေညာချက်ပါအတိုင်း လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည့်အပြင် ကုမ္ပဏီ၏နစ်နာမှုအရပ်ရပ်အတွက် လျော်ကြေးငွေများကိုလည်း တရားမကြောင်းအရ တောင်းခံရယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးသန်းစိုး(ထွန်း)(ๅ၄၉၃) | ဒေါ်မူယာ (၆၆၆၀) | ဦးဇော်ဇော်နိုင်အောင် |
| **B.A(Eco),** | **LL.B.,Dip in Business Law** | **LL.B** (၂ๅ၄၇၄) |
| **H.G.P.,R.L.,D.BL** | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ | | |

အမှတ်(၁ๅ၈/ဘီ)၊ ၃လွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

# သဘာဝလက်ဆောင် ကမ်းခြေအလှ ညောင်တုန်းသားတွေ ထိန်းသိမ်းကြ

ဒေါက်တာအုန်းကျော်
(တိ/ဆေးကု ဆရာဝန်)

ယခုတလော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းကဲ့သို့သော ပုံနှိပ်မီဒီယာများ ရုပ်သံလွှင့်မီဒီယာများ၌ "ညောင်ချောင်းသာ"ဟု လူအများအလွယ်တကူ ခေါ်ဝေါ်ကြသည့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တစ်ဖက်ကမ်း ရန်ကင်းစံရာကျေးရွာအစပ် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ အချိုးအကွေ့၌ ဖြစ်ပေါ်လာသည့် သဘာဝသဲသောင်ပြင်၏ အပန်းဖြေရေချိုးဆိပ်ကလေးတစ်ခု အကြောင်းကို မကြာခဏ မြင်တွေ့ဖတ်ရှုနေရပါသည်။

ရေးသူ၏ အာဘော်ကိုလိုက်၍ ဝေဖန်ပြစ်တင်မှုလည်း တွေ့ရသည်။ လည်ပတ်သင့်ကြောင်း ညွှန်းသည်လည်း တွေ့ရသည်။ မည်သို့ပြောပြော လည်ပတ်အပန်းဖြေစရာ နေရာတစ်ခုဟု အများကယုံကြည်လက်ခံလာသည့်အလျောက် လာရောက်လည်ပတ်သူများ တစ်နေ့တခြား များပြားလာပါသည်။ သဘာဝသဲသောင်ပြင်၏ အကျယ်အဝန်း၊ ပမာဏနှင့် မလိုက်ဖက်လောက်အောင် အပန်းဖြေရေချိုးသူ များပြားလာသောအခါ၊ ထိန်းသိမ်းကွပ်ကဲမှုအားနည်းသောအခါ မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ ဖြစ်ပေါ်လာသည်ကိုလည်း တွေ့နေရပါသည်။ Facebook ကဲ့သို့သော လူမှုရေးကွန်ရက်များမှာ ရေးသားထားသည့် မှတ်ချက်များ၊ အထူးသဖြင့် ဤရေချိုးဆိပ်ကလေးအကြောင်းကို ဂဃနဏမသိဘဲ ရေးသားလိုက်သောသူတို့၏ မှတ်ချက်များကို ဖတ်ရသောအခါ၌ ညောင်တုန်းမြို့သားတစ်ဦးအနေဖြင့် တစ်စုံတစ်ရာ ပြန်လည်တင်ပြချင်၍ ဤစာစုကို ရေးရခြင်းဖြစ်ပါသည်။

တကယ်တမ်းတွင် ဤနေရာသည် သဘာဝ၏ အလှည့်အပြောင်းတစ်ခုမျှသာ ဖြစ်ပါသည်။ ယခင်က ညောင်တုန်းမြို့၏တစ်ဖက်ကမ်း ရန်ကင်းစံရာကျေးရွာဟူသည် အလွန်ကြီးမားသော လှေဆိပ်၊ တက်ဆိပ်ဖြစ်ပြီး ရောင်းဝယ်ဖောက်ကားမှုစုံလင်ရာ ရွာကြီးတစ်ရွာဖြစ်ပါသည်။ အစောပိုင်းကာလက စီမံခန့်ခွဲမှုအလွဲများကြောင့် ရွာလယ်မှ တူးမြောင်းဖြတ်ဖောက်ရာမှ ရွာနှစ်ခြမ်းကွဲကာ အနောက်ကျွန်း၊ အရှေ့ကျွန်းဟူ၍ နှစ်ရွာဖြစ်သွားရရှာပါသည်။ နောက်ဆုံးတွင် အနောက်ကျွန်းရွာသည်ပင် ဧရာဝတီမြစ်၏ ဆက်လက်ထိုးဖောက်မှုကြောင့် ရွာပျောက်ကာ ညောင်တုန်းမြို့ အမှတ်(၄) ရပ်ကွက်၏ တိုးချဲ့အစိတ်အပိုင်းတစ်ရပ်အဖြစ် ရောက်ရှိသွားခဲ့ရပါသည်။ ယင်းကို "ဆေးထိုးမှားတဲ့မြစ်" အမည်ဖြင့် 7 day news ဂျာနယ်တွင် ရေးသားသည်ကို ဖတ်မိကောင်းဖတ်မိကြပေလိမ့်မည်။ ရွာပျက်၊ အိမ်ပျက်၊ မြေယာပျက်ခဲ့ကြသည့် ထိုရန်ကင်းစံရာ ရွာသူရွာသားများအား ဧရာဝတီမြစ်ကြီးကပင် သဘာဝလက်ဆောင်အဖြစ် ထိုသဲသောင်အလှကို ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်မည်ဟု ယူဆရပါသည်။

လွန်ခဲ့သည့် သုံးနှစ်ခန့်က ထိုရေချိုးဆိပ်ကလေးကို ဟိုမြို့သည်မြို့များက လာကြရင်းပြန့်ပြူးသည့်သဲသောင်ပြင်ကို သဘောကျကာ ရေချိုးကြ၊ ဘောလုံးကန်ကြ၊ ပါလာသည့် အစားအသောက်များစားကြနှင့် နာမည်မရှိသေးသော အပန်းဖြေစရာ နေရာတစ်ခုဖြစ်ခဲ့ပါသည်။ ဧည့်သည်များအား ဒေသခံရွာသားများက နေထိုင်ခင်းခယူရမှန်း မသိ၊ ဝန်ဆောင်မှုလည်းမသိ၊ ရောင်းချသည့် လက်ဖက်သုပ်ပင် အစပ်အဟပ်တည့်တည့် မသုပ်တက်ရှာသည့် ရိုးသားဖြူစင်သည့် ကျေးရွာသူ ကျေးရွာသားများပင်သူတို့ကျွမ်းကျင်သည်က ရေလုပ်ငန်း၊ အနည်းစုက စိုက်ပျိုးရေး၊ မွေးမြူရေး ထိုအခါ ဧည့်သည်လက်ခံကြိုဆိုပြုစုရေးတွင် သူတို့အတွက် အတော်ခက်ခဲနေကြပါသည်။ ယင်းသို့ဖြင့် ရေပြာပေါ်က်ကာ မိုးဦးကျလာသောအခါ သဲသောင်ပြင်လည်းရေမြုပ်၊ တစ်ဝါတွင်းလုံး ရေချိုးဆိပ်ပျောက်သွားရပါတော့သည်။ သီတင်းကျွတ်ပြီးသည်နှင့် ခြေခင်းလက်ခင်းသာကာ သဲသောင်ပြင်ပြန်လည်ပေါ်လာပြန်တော့ ရွာသူရွာသားများက လူမတတ်သော်လည်း လက်ဖက်ထုပ်တက်ကာ "ပေါ်ပင်စီးပွားရေးတစ်ခုအဖြစ် ငါးကင်၊ ပုစွန်ကင်၊ ငါးကြော်၊ ပုစွန်ကြော်၊ ငှက်ကြော်၊ ဒေသထွက်သီးနှံလေးများ၊ သားငါးလေးများဖြင့် ဧည့်သည်များကိုတတ်သမျှ မှတ်သမျှ ဆွဲဆောင်ကြရရှာပါသည်။

ထိုအချိန်၌ နာမည်လိုအပ်လာ၍ နာမည်ရွေးကြသောအခါ "ရန်ကင်းသာ" "ညောင်တုန်းသာ" "ညောင်ချောင်းသာ" ဟူ၍ဖြစ်လာသည်။ တရားဝင်အမည်မှာ "ရန်ကင်းသာ"ဖြစ်သည်။ လူအများက ညောင်ချောင်းသာဟု အလွယ်ခေါ်ကြရာမှ "ညောင်ချောင်းသာ" ဟူ၍ဖြစ်၊ ယခု ဂျာနယ်နှင့် မဂ္ဂဇင်းအချို့တွင် "ချောင်းသာအတု" ဟု ရေးသည်ကို ဖတ်ရသောအခါ စိတ်မကောင်းဖြစ်ရပါသည်။

ကျွန်တော်တို့သည် ချောင်းသာအတုမဟုတ်ရပါ။ ချောင်းသာအတုဟု သုံးစွဲခြင်းကိုလည်း ကန့်ကွက်ပါသည်။ ထိုသို့သူများနာမည်ဆင်တူယူထား၍ တစ်ချိန်တွင် ထိုသို့အပြောခံရနိုင်သည်ကို ကြိုတင်တွေးမိသူများက "ညောင်ချောင်းသာ"နာမည်ကို တားမြစ်ကြပါသည်။ သို့သော် အနွတ္တသညာဟူသည် ဖျောက်ဖျက်ရခက်ပါသည်။ ယခုတော့ ချောင်းသာအတုဟု အပြောခံရပြီ။

ကျွန်တော်တို့ ပြောခဲ့သလိုပင် သဘာဝတရား၏ လက်ဆောင်၊ အလှည့်အပြောင်းမျှသာ ဖြစ်ပါသည်။ မည်မျှကြာရှည်ခံမည်မသိ။ ယင်းကလည်း ထိန်းသိမ်းရမည်မှာ ကျွန်တော်တို့အပေါ်မှာပဲ တည်နေပေသည်။

ကျွန်တော်တို့ကို ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများ၏ ဂုဏ်အင်္ဂါများနှင့်လည်း မတိုင်းတာစေချင်ပါ။ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းဟူသည် ကျောက်ဆောင်နည်းပါးမှု၊ ကမ်းခြေရှည်လျားလှပမှုတို့အပေါ် မူတည်၍ နေရာရွေးချယ်ရကြောင်း မှတ်သားဖူးပါသည်။

ထို့ကြောင့် လာရောက်အပန်းဖြေ ရေချိုးကြသူများကို မေတ္တာရပ်ခံလိုပါသည်။ ဤနေရာသည် စနစ်တကျရွေးချယ်ထားသော ပင်လယ်ကမ်းခြေကဲ့သို့ မဟုတ်၍ လုံလောက်သော သဲသောင်ပြန့်ပြူးမှုမရှိနိုင်ပါ။ ရေချိုမြစ်တို့ မည်သည်သဲသောင်ပြင်ပြီးလျှင် ရှုံ့နွံ့ထူသည့် မြေသားရောက်ကာ မကြာမီမြစ်၏အလယ် ပင်မရေစီးကြောင်းထဲ ရောက်ရှိသွားတတ်ပါသည်။ ထိုရေစီးကြောင်းများသည် ရေစီးသန်တတ်ပါသည်။ လှေသမား၊ မော်တော်သမားမှန်လျှင် အစုန်လမ်း၌ ထိုရေစီးကြောင်းထဲရောက်အောင်သွားပြီး စုန်မှခရီးတွင်ပါသည်။ သို့သော် အဆန်လမ်း၌ ပင်မရေစီးကြောင်းကို ရှောင်ပြီး ကမ်းကိုကပ်ကာ ဆန်တက်ရသည်ကို မြစ်ဝကျွန်းပေါ်သားတိုင်း သိပါသည်။ ထိုသဘောကို မသိသူရပ်ဝေးဧည့်သည်များက ကူးရင်းကူးရင်း ရေစီးကြောင်းထဲရောက်မှန်းမသိ ရောက်သွားခြင်း၊ ကလေးများက ဘောလုံးလိုက်ဆယ်ရင်း ရေစီးကြောင်းထဲ ရောက်သွားခြင်းများဖြစ်ကာ အသက်အန္တရာယ် ကြုံတွေ့ကြရပါသည်။ ညောင်တုန်းမြို့သူမြို့သားများအနေဖြင့် မိဘချင်းကိုယ်ချင်းစာကာ စိတ်ထိခိုက်ဝမ်းနည်းကြရပါသည်။ သားသမီးချင်းကိုယ်ချင်းစာကာ နှမြောကြေကွဲကြရပါသည်။

အချို့မူးယစ်သောက်စားလွန်သူများက ယခုနေရာမှာ လူများသည်။ လူရှုပ်သည်။ ဒီတော့ အေးအေးနေလို့နားလို့ရအောင် တစ်ဖက်ကမ်းက သဲသောင်ဖွေးဖွေးကို လိုက်ပို့ခိုင်းတတ်သည်။ ပဲ့ထောင်သမားကလည်း ပိုက်ဆံရပြီးရော လိုက်ပို့ရာ ထိုသဲသောင်ပြင်၏ သဘာဝကိုမသိဘဲ "ချောက်"ထဲကျကာ ရေနစ်၍ အသက်ဆုံးရှုံးကြသည်ကိုလည်း မြင်တွေ့ကြားသိနေရပါသည်။ ညောင်တုန်းမြို့၏ ရေကာတာ၊ သစ်သားတန်းများ၊ လှိုင်းကာများအထိ ရေကူးကြ၊ ရေချိုးကြသည်မှာ အသက်အန္တရာယ်နီးကပ်လှပါသည်။ ထို့ကြောင့် သတ်မှတ်သည့်နေရာများမှာသာ ရေချိုးစေချင်၊ အပန်းဖြေစေချင်ပါသည်။ မိဘများကလည်း နေချင်သလို စားချင်သလို နေကြ၊ စားကြပြီး ကလေးအချင်းချင်းလွှတ်မထားစေလိုပါ။ ကလေးများ ရေချိုးကြ၊ ရေဆော့ကြလျှင် လူကြီးများက ကြီးကြပ်ပေးရပါမည်။ ပြီးတော့ ရပ်ဝေးဧည့်သည်များ မော်တော်ကားများကို သတိနှင့်မောင်းနှင်စေလိုပါသည်။ လာလမ်းသာသလို ပြန်လမ်းလည်း ဖြောင့်စေချင်သည်မှာ မြို့သူမြို့သားများ၏ စေတနာပါ။ ယင်းသည် ဧည့်သည်များအတွက်ပါ။ ကျွန်တော်တို့ မြို့ခံ၊ ဒေသခံများကလည်း ယခုထက်ပို၍ စနစ်ကျသော စီမံခန့်ခွဲမှုဗဟိုကော်မတီ ရှိသင့်ပါသည်။ ထို့ပြင် လုံခြုံရေး၊ နေရာချထားရေး၊ အရေးပေါ်ကယ်ဆယ်ရေး၊ သန့်ရှင်းရေး စသည့်အဖွဲ့ငယ်များဖွဲ့ကာ လူအင်အားများများ၊ လုံလောက်သော ထောက်ပံ့လစာငွေများဖြင့် စောင့်ရှောက်သင့်ပါသည်။ လူပျောက်ရှာရုံသာ တတ်နိုင်သော၊ ကားရွှေ့ခိုင်းရုံသာ တတ်နိုင်သော ပြန်ကြားရေးဌာနလောက်နှင့် မလုံလောက်ပါ။

ဤကမ်းခြေလေးရှိလာ၍ အတိုင်းအတာတစ်ခုအထိ စီးပွားရေးအဆင်ပြေလာသူများအနေဖြင့် စီးပွားရေးလုပ်ငန်းဟူသည် သေးသည်၊ ကြီးသည်မရွေး စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်ရှိရပါမည်။ မိမိ၏ ဝင်ငွေရရာရလမ်းကိုသာ မကြည့်ဘဲ လုံလောက်သော ဝန်ဆောင်မှုပေးရပါမည်။ ဖုန်တထောင်းထောင်းထနေသည့် လမ်းဘေးမှာထိုင်၍ ငါးကိုမကင်ဘဲ မီးဘေးအန္တရာယ်မရှိနိုင်သည့် မီးဖိုချောင်သပ်သပ်ရပ်ရပ်ထဲမှာ သန့်ရှင်းသောငါးကင်ကို ပြုလုပ်စေချင်ပါသည်။ ကမ်းခြေကို ဝင်ရောက်သည့် ပင်မအဝင်လမ်းကိုလည်း ရွာလယ်လမ်း မသုံးစေချင်ပါ။ အိမ်များအကြားက ဖြတ်ရ၍ အနံ့အသက်မကောင်းတော့ပြောစရာဖြစ်ရသည်။ စားသုံးသူများကို သန့်ရှင်းသောရေ၊ အစားအစာ၊ သားငါးသီးနှံများသာ ရောင်းချစေချင်ပါသည်။ ကိုယ့်မြို့ကို လာလည်သည့်ဧည့်သည်များကို မြို့သိက္ခာမထိခိုက်စေဘဲ ယဉ်ကျေးစွာဆက်ဆံသင့်ပါသည်။ မိမိအလုပ်ကို "စေတနာ" လေးထည့်၍ လုပ်စေချင်ပါသည်။ စီမံခန့်ခွဲမှုဗဟိုကော်မတီအနေဖြင့် သတိပေးဆိုင်းဘုတ်များ၊ လက်ကမ်းစာစောင်များ လုံလုံလောက်လောက်ဖြန့်ဝေကာ ကြိုတင်သတိပေးနှိုးဆော်သင့်ပါသည်။ သတ်မှတ်သည့်နေရာများမှလွဲ၍ အခြားနေရာများသို့ ရေကူးခြင်း၊ သွားရောက်လည်ပတ်ခြင်းများကို တင်းကျပ်စွာတားဆီးသင့်ပါသည်။ စွန့်ပစ်ပစ္စည်းကိုလည်း စနစ်တကျ ပြန်လည်သိမ်းဆည်းရပါမည်။ ယခုအခါ မြစ်၏အလှအပများကွယ်ပျောက်ကာ ကမ်းခြေ၌ ပလတ်စတစ်အိတ်ခွံ၊ ဘူးခွံများ၊ အစားအသောက်အကြွင်းအကျန်များဖြင့်ရှုပ်ပွကာ သဘာဝမြစ်ကမ်းခြေပျက်စီးစပြုနေပါပြီ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အရေးကြီးကြောင်း ပညာပေးရပါမည်။ အချိန်မီမထိန်းသိမ်းလျှင် မိမိကိုပေးအပ်ထားသည့် "သဘာဝလက်ဆောင် သဲသောင်အလှ" ကို မိခင်ဧရာဝတီမြစ်ကြီးက ပြန်လည်သိမ်းဆည်းသွားပါလိမ့်မည်။ မိမိ၏ မိသားစုစီးပွားရေးလည်း အဆင်ပြေ၊ မိခင်ဧရာဝတီ၏ ကျန်းမာရေးလည်း အဆင်ပြေပါမှ ရေရှည်အကျိုးဖြစ်ထွန်းကြပါလိမ့်မည်။

နိဂုံးချုပ်အားဖြင့် ဆိုရသော် ရန်ကုန်မြို့မှ ၃၄ မိုင်သာ ကွာဝေးသဖြင့် အဘက်ဘက်မှ တွက်ခြေကိုက်ကြ၍ လာရောက်ကြသည်ကို နားလည်သဘောပေါက်ပါသည်။ ကျေးရွာငယ်လေးတစ်ခု၏ အဘက်ဘက်မှ မပြည့်စုံမှု အားနည်းမှုများကို နားလည်သည်းခံကာ လာရောက်အပန်းဖြေသူများ၊ သဘာဝကမ်းခြေ ရေချိုးဆိပ်ကလေးကို အသိအမှတ်ပြုကာ လာရောက်အားပေးကြသည့် ရပ်ဝေးဧည့်သည်များကို ညောင်တုန်းမြို့သားတစ်ဦးအနေဖြင့် အလွန်ကျေးဇူးတင်ပါသည်။ ပင်လယ်ကမ်းခြေအပန်းဖြေစခန်း၏ ဝန်ဆောင်မှုများနှင့် နှိုင်းယှဉ်သုံးသပ်သူများအတွက်တော့ ယခုရှင်းလင်းတင်ပြမှုအားနားလည်သဘောပေါက်လိမ့်မည်ဟု ယုံကြည်ပါသည်။ တိုတောင်းလှသည့် အချိန်ကာလအတွင်း ထိုလုပ်ငန်းက အလျင်အမြန်ကြီးမားကျယ်ပြန့်လာသလောက် မြို့ခံဒေသခံများက မဖြည့်စွမ်းနိုင်သည်ကိုလည်း ခွင့်လွှတ်စေချင်ပါသည်။

နောက်ဆုံး ကိုယ့်မြို့သူ မြို့သားများကို နှိုးဆော်ချင်ပါသည်။ ယခုလက်ရှိလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စေချင်ပါသည်။ ကားစောင့်ရှောက်ခ၊ နေရာငှားရမ်းခ၊ ဝင်ကြေး စသည့် ငွေကြေးမျှလောက်နှင့် မတင်းတိမ်သင့်ဘဲ ယခုထက် အမြင်ကျယ်ကျယ်၊ ဦးနှောက်ကြီးကြီးဖြင့် လုပ်ကိုင်စေချင်ပါသည်။ ဤအပန်းဖြေရေချိုးဆိပ် ဝန်ဆောင်မှုလုပ်ငန်းကို ပရော်ဖက်ရှင်နယ်ဆန်စွာ၊ ကျင့်ဝတ်သိက္ခာ စောင့်စည်းစွာဖြင့် အဆင့်အတန်းရှိရှိ စီးပွားရှာစေချင်ပါကြောင်း စေတနာအပြည့်အဝဖြင့် တိုက်တွန်းလိုက်ရပေသည်။ ။

# အပန်းဖြေနေရာ ညောင်တုန်းချောင်းသာယာ



ညောင်တုန်း မေ ၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ၃၄ မိုင်ခန့်အကွာ၌ တည်ရှိသော ဧရာဝတီတိုင်းဒေသကြီးအဝင် ညောင်တုန်းမြို့သည် ယခင်ကမ်းများ မကြာခဏပြိုကျလေ့ရှိသော ညောင်တုန်းမြစ်ကမ်းနဖူးသည် ယခု မြစ်ကောချင်သည့်သဘော သောင်များထွန်းလာကာ အလွန်ကြီးမားသော သဲသောင်ခုံကြီးဖြစ်လျက် ရန်ကုန်မြို့မှ လူအများ အပန်းဖြေနေရာဒေသတစ်ခုဖြစ်လာသည်ကို စာရေးသူကိုယ်တိုင် တွေ့မြင်ခံစားခဲ့ရပါသည်။

ပြီးခဲ့သောအပတ် တနင်္ဂနွေနေ့က စာရေးသူမိသားစုဖြင့် ညောင်တုန်းမြို့ ညောင်ချောင်းသာသို့ ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ညောင်တုန်းမြစ်သည် ဧရာဝတီမြစ်မကြီးမှ စီးဆင်းလာသော ရေချိုမြစ်ဖြစ်ခြင်း၊ ကြည်လင်သောရေစီးခြင်း၊ အောက်ခံသဲသောင်ညီစွာရှိနေခြင်း၊ သဲသောင်ခုံကြီးမားကျယ်ပြန့်စွာ တည်ရှိနေခြင်းကြောင့် ဈေးဆိုင်တန်းများ အပန်းဖြေဘန်ဂလိုများနှင့် ရန်ကုန်ဘက်မှ အများဆုံးလာရောက်ကြသော လူထောင်ပေါင်းများစွာတို့ဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း တွေ့ရသည်။

စာရေးသူမှ လာရောက်သူ ပရိသတ်များနှင့် ဈေးဆိုင်များအား မေးမြန်းကြည့်ရာ ဈေးသည်များက "ဒီညောင်ချောင်းသာစခန်းကို ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်ကစပြီး ဖွင့်လှစ်အပန်းဖြေစေခဲ့ပါတယ်၊ ကျွန်မတို့ ဈေးသည်တွေအတွက်ကတော့ ဈေးရောင်းဖို့နေရာသစ်တစ်ခု ဖြစ်လာပါတယ်၊ အလွန်မှ ပျော်ရွှင်ကြည်နူးမိပါတယ်" ဟု ပြောကြားသည်။ လာရောက်အပန်းဖြေသူတစ်ဦးကတော့ "ကျွန်တော်ဒီကိုရောက်တာ ဒါနဲ့ပါဆို သုံးခေါက်ရှိပါပြီ၊ ရေနစ်တယ်၊ ငါးပူတင်း တွတ်တယ်ဆိုတာ အရက်မူးမူးနဲ့ ရေကူးလို့ ရေနစ်သေပြီးမှ ငါးပူတင်းတွတ်တာပါ၊ အလကားသက်သက် ငါးပူတင်းက ဒီလူအုပ်ကြီးကို လာမတွတ်ပါဘူး၊ လူဦးရေကလည်း အကိုကြီးမြင်တဲ့အတိုင်းပါပဲ အဓိကက ဒီမှာသတ်မှတ်ထားတဲ့ စည်းဝိုင်းအတွင်းမှာ မမူးမရူးဘဲ အေးချမ်းစွာ ရေကူးခတ်အပန်းဖြေရင် အန္တရာယ်ကင်းပါတယ်၊ ပုသိမ်ချောင်းသာကို မသွားနိုင်တဲ့ ကျွန်တော်တို့အဖို့ကတော့ ညောင်တုန်းချောင်းသာကိုပဲ ပျော်ပိုက်ရပါတယ်၊ နိုင်ငံခြားသားများပင် လာရောက်လည်ပတ်တာကို တွေ့မြင်ခဲ့ရပါတယ်" ဟု ပြောကြားသည်။

ယင်းညောင်ချောင်းသာ မြစ်ရေချိုးဆိပ်မှာ တခြားနေ့များထက် စနေနှင့် တနင်္ဂနွေနေ့များတွင် လူအတော်များများ လာရောက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ အများဆုံး လာရောက်ကြသူများထဲတွင် ရန်ကုန်မြို့မှ လာရောက်သူ အများဆုံးဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(ရွှေတိုင်လွင်)

# စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်၍ တံတားဖြတ်သန်းခကောက်ခံခွင့် ရုပ်သိမ်းခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းပန်-မိုင်းတုံ လမ်းပေါ်ရှိ သံလွင်(တာဆန်း) တံတားဂိတ်အား လေလံမဲစနစ်ဖြင့်အောင်မြင်သူ ဦးတင်မျိုးသည် စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လေလံလုပ်ကိုင်ခွင့်ကို ၂၀၁၃ ခုနှစ် မေ ၇ ရက် ၂၄ နာရီအချိန်မှစ၍ ရုပ်သိမ်းလိုက်သည်။

၂။ မတ် ၁၄ ရက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးခန်း၌ ကျင်းပသောရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိလမ်း/တံတားအသုံးပြုခကောက်ခံရေးဂိတ်စခန်းလေးခုကို လေလံကြီးကြပ်ရေးအဖွဲ့မှ မဲစနစ်ဖြင့် လေလံတင်ခဲ့ရာတွင် သံလွင် (တာဆန်း) တံတားဂိတ်အား ခြောက်ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဦးတင်မျိုး ချောက် မြို့နေသူသည်အမှတ်စဉ် (၁) ရရှိပြီး သံလွင် (တာဆန်း) တံတားဂိတ်ကို ကျပ်လေးသိန်းဖြင့် မဲစနစ်လေလံအောင်မြင်ပြီး လုပ်ကိုင်ခွင့်ရရှိခဲ့သူဖြစ်ပါသည်။

၃။ အဆိုပါ ဦးတင်မျိုးသည် လုပ်ငန်းစတင်ဆောင်ရွက်သည့် ဧပြီ ၅ ရက်တွင်ပင် စာချုပ်ပါစည်းကမ်းအရ သံလွင် (တာဆန်း) တံတားဂိတ် တံတားအသုံးပြုခကို ၁၀ ဘီးယာဉ်တစ်စီးလျှင် ၃၀၀ ကောက်ခံရမည့်အစား တစ်စီးလျှင် ၁၀၀၀၀ ထိကောက်ခံနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်လေလံလုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပြီး လေလံမဲစနစ်ဖြင့် ဒုတိယလေလံအောင်မြင်သူ ဦးဇော်ဇော်အောင် ၁၃/ကဟန (နိုင်) ဝ၁၆၇၃၀၊ ကွန်ဟိန်းမြို့သို့ ဧပြီ ၈ ရက်ဝဝး၀၀ နာရီမှစ၍ သံလွင် (တာဆန်း) တံတားဂိတ်၊ တံတားဖြတ်သန်းခကောက်ခံခွင့် လွှဲပြောင်းပေးအပ်လိုက်သည်။

၄။ လမ်း၊တံတား ဖြတ်သန်းခလုပ်ကိုင်ခွင့်ရသူများသည်စာချုပ်ပါ ကောက်ခံနှုန်းထားထက် ပိုမိုကောက်ခံပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းမည်ဖြစ်သည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

# ဖျာပုံမြို့တွင်ယာဉ်စည်းကမ်းထိန်းသိမ်းရေး လွန်စွာအားနည်း

**ဖျာပုံ မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူဦးရေထူထပ်သည့်မြို့ ဖြစ်သည့်အားလျော်စွာ လူမှုစီးပွားရေးအတွက် ယာဉ်စီးရေအများဆုံး အသုံးပြုသည့်မြို့ဖြစ်ပြီး မြို့နေပြည်သူများ ဆိုင်ကယ်၊ ကား၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများကို လုပ်ငန်းသဘာဝအလိုက် အသုံးပြုနေကြပြီး ဆိုင်ကယ်ကို အများဆုံး အသုံးပြုစီးနင်းကြသည်။

ယခုအခါ ဖျာပုံမြို့တွင် သုံးဘီးဆိုင်ကယ်များ သတ်မှတ်နေရာတွင် ခရီးသည်အတင်/အချ မလုပ်ခြင်း၊ ဆိုင်ကယ်ကယ်ရီဂိတ် သီးခြားသတ်မှတ်မပေးနိုင်ခြင်းများကို နေ့စဉ်ထုတ် သတင်းစာတွင် ဖော်ပြပါရှိပြီးနောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများ ဆွေးနွေးညှိနှိုင်းကြပြီး စည်းကမ်းဖောက်ဖျက်ယာဉ်များ အရေးယူဆောင်ရွက်မှုအတွက် အရေးယူဆောင်ရွက်သည့် One Stop Service ဖြင့် တစ်နေရာတည်းတွင် တရားရုံးမှ လိုက်ပါဆောင်ရွက်နိုင်ခြင်း မရှိသည့်အခြေအနေတွင် ဆိုင်ကယ်ကယ်ရီများ လူသုံးဦးတင်စီးခြင်း၊ ယာဉ်ကြောပြောင်းပြန် မောင်းနှင်ခြင်း၊ သုံးဘီးဆိုင်ကယ်များ မထသနှင့် ညှိနှိုင်း၍ နေရာမပေးနိုင်ခြင်းများကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများ ရှိနေခြင်းဖြစ်သည်။

ဖျာပုံမြို့နေ ပြည်သူတစ်ဦးက "ကျွန်တော်တို့ ဖျာပုံမှာ ယာဉ်ကြောပြောင်းပြန် မောင်းနေတဲ့အပြင် ဆိုင်ကယ်ကယ်ရီများ ခရီးသည်နှစ်ဦး၊ တစ်ခါတလေ သုံးဦးတင်စီးနေသည်ကို အမြဲတွေ့နေရပြီး သူတို့ဆိုင်ကယ်ကို မထိန်းနိုင်လို့ အခြားဆိုင်ကယ်တွေနဲ့ မကြာခဏ အရှိန်ပြင်းစွာဝင်တိုက်လို့ ယာဉ်တိုက်မှုမကြာခဏဖြစ်နေတာကြာနေပြီ။ ယာဉ်စည်းကမ်းထိန်းသိမ်းရေးက အရေးယူမှုမရှိတော့တဲ့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့တွေရဲ့ ဖမ်းဆီးအရေးယူနိုင်မှုမရှိတာကို အခွင့်ကောင်းယူပြီး စည်းကမ်းမဲ့ မောင်းနှင်နေတာကိုပြည်သူတွေ အဆင်ပြေနိုင်အောင် ထိုက်သင့်တဲ့ အရေးယူဆောင်ရွက်မှုတွေလုပ်သင့်ပါတယ်" ဟု ပြောသည်။ **(၅၄၀)**



# ဆံပင်ညှပ်ဆိုင်တွင် သေနတ်ပစ်ခတ်ခံရ

**တာချီလိတ် မေ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့၌ မေ ၆ ရက် ည ၇ နာရီကျော်ခန့်တွင် ဆန်ဆိုင်း (က) ရပ်ကွက် ဆန်ဆိုင်း(၁၂) လမ်း(၁/၂၀၃-က) လိုင်းခန်းတစ်အခန်းအတွင်း သေနတ်ဒဏ်ရာများဖြင့် လူတစ်ဦးသေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်ကို ကျိုင်းတုံမြို့ စံပြရွာ အမှတ်(၂) ရပ်ကွက်နေ ဦးစိုင်းကျော်က လာရောက်တိုင်တန်းသည်မှာ ထိုနေ့ညက ၎င်းသည် သမီးဖြစ်သူ နန်းစီခမ်း၏နေအိမ်သို့ အလည်ရောက်ရှိနေထိုင်စဉ် သားဖြစ်သူ စိုင်းလုံးရှုန်၏ သူငယ်ချင်းရောက်လာပြီး ၎င်း၏သား သေနတ်ပစ်ခံရ၍ သေဆုံးကြောင်းပြောပြ၍ သွားရောက်ကြည့်ရှုရာ သားဖြစ်သူ လွန်ခဲ့သော တစ်လခန့်က ငှားရမ်းဆိုင်ဖွင့်ခဲ့သော လိုင်းခန်းအတွင်းရှိ ဆံပင်ညှပ်ခုံဘေးတွင် သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။ သေနတ်ဖြင့် ပစ်ခတ်သွားသူမှာ ဂျင်းဘောင်းဘီအပြာဝတ် အရပ်ရှည်အသားညိုသူ ဆိုင်ကယ်ဦးထုပ်အနက်ဆောင်းပြီး ရောက်လာကာ ၉ မမပစ္စတိုဖြင့် သုံးချက်ပစ်ခတ်ခဲ့ကြောင်းသိရသည်။

တာချီလိတ်ရဲစခန်းမှ ပုဒ်မ ၃၀၂ ဖြင့် အမှုစစ်စခန်းမှူး ရဲအုပ်တင်ဌေးက အမှုစစ်၍ ဆက်လက်စုံစမ်း စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြင့်မိုရ်-တာချီလိတ်)**

# ရခိုင်ပြည်နယ်တွင် မိုးရွာပြီ

**စစ်တွေ မေ ၇**

ရခိုင်ပြည်နယ်နေရာအနှံ့တွင် မေ ၆ ရက် ည ၁၀ နာရီမှစ၍ နှစ်နာရီခန့်ကြာ လျှပ်စီးလက်မိုးခြိမ်းပြီး မိုးရွာခဲ့ရာ စစ်တွေမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးဦးကျသကဲ့သို့ ရွာသွန်းသည်။ အပူချိန်မြင့်တက်မှုကြောင့် နေ့ပိုင်းတွင် အပူဒဏ်အောက် အလုပ်လုပ်ကြသူများ ညပိုင်းတွင် လေညင်းတိုက်ခတ်မှုမရှိဘဲ ပကတိတည်ငြိမ်နေ၍ အိပ်မရဖြစ်နေချိန်တွင် ရုတ်တရက် လျှပ်စီးလက် မိုးခြိမ်းပြီး မိုးရွာလိုက်သဖြင့် အအေးဓာတ်ကိုရကြ၍ မျှော်တုန်းရွာသော မိုးကို ပီတိဖြစ်ကြသလို မိုးကိုမျှော်သော ပိတောက်တို့သည်လည်း အားကုန်ပွင့်ကြသည်။ မိုးရွာချိန်တွင် မိုးသက်လေပြင်း တိုက်ခတ်သော်လည်း စစ်တွေမြို့တွင် ပျက်စီးမှုမရှိကြောင်း သိရသည်။ ၎င်းမိုးရွာသွန်းမှုအရှိန်ကြောင့် ယနေ့ထိ နေမပွင့်ဘဲ မိုးအုံ့လျက်ရှိသည်။

**တောသားစံ(စစ်တွေကိုယ်ပွား)**

# စာတည်းမှူးထံရောက်ရှိလာသောပေးစာများ

**ယခုတစ်ပတ် စာတည်းမှူးထံသို့ ရောက်ရှိလာသော ပေးစာများအနက် မိမိကြောင့် ပတ်ဝန်းကျင်ထိခိုက်စေမည့်ပေးစာများကို ရွေးချယ်ဖော်ပြလိုက်ပါသည်-**

## ကြက်သားတန်းများဖယ်ရှားပေးစေလို

သန်လျင်မြို့ မြို့မဈေးကြီးအတွင်းရှိကြက်သားရောင်းချသော အတန်း၌ ကြက်များသိုလှောင်ခြင်း၊ ဆူညံစွာသတ်ဖြတ်၍ မီးများအသုံးပြုပြီး အမွေးများ နုတ်ခြင်းကြောင့် အနံ့အသက်များနံစော်ခြင်း၊ မီးဘေးအန္တရာယ်လွန်စွာ စိုးရိမ်ရခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ လမ်းများပိတ်ဆို့၍ ကြက်ဆိုင်များ ဆောက်လုပ်ထားပါသဖြင့် အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြလာသောစာ။

## သောက်သုံးရေမရှိသည်မှာ ကြာမြင့်နေပြီ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း၌ ငမိုးရိပ်စီမံကိန်းဟူ၍ သောက်ရေ၊ သုံးရေများကိုလစဉ်မြို့တော်စည်ပင်သို့ ရေမီတာခပေးဆောင်၍ ရယူသုံးစွဲနေသော်လည်း (၄၆)ရပ်ကွက် မိုးမခလမ်းရှိ လမ်းသူ လမ်းသားများမှာ သောက်သုံးရေမရရှိသည်မှာ ကြာမြင့်နေပြီဖြစ်ပြီး ရရှိသည့်အခါတွင်လည်း တစ်ရက်တွင် တစ်နာရီပြည့်အောင် ရေရရှိမှုမရှိသဖြင့် ဒုက္ခရောက်နေသောကြောင့် သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပေးပါရန် ပေးပို့လာသောစာ။

## ပတ်ဝန်းကျင်ဆူညံသံများ ဖယ်ရှားစေလို

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ပိတောက်လမ်းရှိ နေအိမ်တစ်အိမ်၌ နံနက် ၈ နာရီမှ ညနေ ၅ နာရီခွဲထိ တွင်ခုံအလုပ်ရုံပုံခဲဖြင့် သံချောင်းများဖြတ်ခြင်း၊ ရိုက်ခြင်း၊ လွန်းဖောက်ခြင်းများကို ပိတ်ရက်မရှိပြုလုပ်လျက်ရှိပါသည်။ ထိုလုပ်ငန်းကြောင့်ပတ်ဝန်းကျင်ရှိ အိမ်များတွင် ကျောင်းသားများ စာကျက်မရခြင်း၊ ကျန်းမာရေးမကောင်းသူများ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ သက်ကြီးရွယ်အိုများ နေ့ခင်းအနားယူချိန်တွင် သံချောင်းများကားပေါ်မှ ချသောအသံကြောင့် အထိတ်တလန့်ဖြစ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာသောစာ။

## ဝက်ချေးအနံ့မခံနိုင်

လှိုင်သာယာမြို့နယ် နဝဒေးလမ်းရှိနေအိမ်တွင် ဝက်မွေးခြင်းနှင့်စီးပွားဖြစ်ငါးအရေခွံခြစ်ခြင်းတို့ကြောင့် စည်းကမ်းမဲ့မွေးမြူထားသော ဝက်များမှ အနံ့ဆိုးများထွက်ခြင်းနှင့် ငါးခြစ်ရာမှ ထွက်သောအပုပ်နံ့များကြောင့် အနီးရှိ သက်ကြီးရွယ်အိုများ ကျန်းမာရေးချို့တဲ့ခြင်း၊ ကျောင်းသားကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားနေပါသဖြင့် ထိရောက်စွာအရေးယူပေးပါရန်တင်ပြလာသောစာ။

## လူနေရပ်ကွက်အတွင်းမှ လုပ်ငန်းဖယ်ရှားပေးပါ

အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ရွက်လှလမ်းတွင် ပလတ်စတစ်ကော်ရည်ကျိုလုပ်ငန်းများကို နေအိမ်များတွင် နေ့ညမပြတ် လုပ်ကိုင်လျက်ရှိသောကြောင့် ၎င်းတို့လုပ်ငန်းမှထွက်ရှိသော ညော်နံ့များ၊ စက်သံများ ဆူညံနေပြီး ရပ်ကွက်နေ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများနှင့် ကျောင်းသားကျောင်းသူများ ယင်းဒုက္ခကိုခံစားနေရခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်ရခြင်းတို့အပြင် ၎င်းတို့စက်ကြီးများဖြင့်လည်ပတ်သောကြောင့် လျှပ်စစ်ဓာတ်အား ၂၂၀ ဗို့ပုံမှန်မရရှိခြင်းနှင့် ပလတ်စတစ်အထုပ်ကြီးများမှာ လမ်းမပေါ်တွင် လမ်းပိတ်ဆို့မှုဖြစ်နေခြင်းတို့ကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလာသောစာ။

## လိုင်စင်မဲ့အရက်ဆိုင်ဖယ်ရှားပေးစေလို

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၅၀) ရပ်ကွက်အမှတ် (၃၈) ရာဇသင်္ကြန်လမ်းနှင့် ဗေဒါလမ်းထောင့်ရှိ အရက်ဆိုင်တစ်ဆိုင်သည် ညအချိန် အရက်သောက်စားသူများက ညလုံးပေါက်ဆူညံလျက်ရှိပြီး အရက်သောက်စားသူများသည် အလုပ်သွား၊ အလုပ်ပြန်ဝန်ထမ်းအမျိုးသမီးငယ်များကို နောက်ပြောင်လျက်ရှိသည့်အပြင် ညအချိန် ဘေးပတ်ဝန်းကျင် နေအိမ်များ နားမခံနိုင်အောင် ဆူညံလျက်ရှိပါသည်။ ၎င်းအရက်ဆိုင်သည် လိုင်စင်မဲ့အရောင်းဆိုင်ဖြစ်သည့်အပြင် စည်ပင်မြေပေါ် ကျူးကျော်၍ ဆိုင်နေရာများခင်းကျင်းရောင်းချလျက်ရှိပါသဖြင့် လမ်းသွားလမ်းလာများအတွက် အနှောင့်အယှက်ဖြစ်သည့်အပြင် ပတ်ဝန်းကျင် နေအိမ်များ တစ်ညလုံး မအိပ်ရအောင် ဆူညံနေခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလာသောစာတို့ ဖြစ်သည်။

ပြည်သူ့ခေတ်

အတွဲ ၃၊ အမှတ် ၁၄၄

နိုင်ငံချင်း ဆက်ဆံရေးဆိုတာ ပြည်သူချင်း ဆက်ဆံရေး ဖြစ်သည်

● လယ်သမားအကျိုး ကာကွယ်သည့် ဥပဒေ အောက်တိုဘာ မတိုင်မီ ပြဋ္ဌာန်းမည်
● ၁၅-၂၄ လူငယ်တွေ နိုင်ငံရေး လုပ်သင့်သလား
● ဒေါ်စုအောင်ဆန်းစုကြည် သမ္မတ ဖြစ်လာမယ်ဆိုရင်
● လေလုတ်၊ ကန်သင်း၊ အတားအဆီးများကြားမှ ယုံကြည်မှု တည်ဆောက်ရေး ဖြစ်စဉ်
● နိုင်ငံ၏ အနာဂတ်ကောင်းများ မဆုံးရှုံးစေရန် အယူသီး အစွန်းရောက် လုပ်ရပ်များ ရှောင်လွှဲရန် လို ● ပွင့်လင်းမြင်သာမှု မရှိရင် ဒီမိုကရေစီ မရှိ
● အရေးကြီးသော ကိစ္စရပ်တို့တွင် ပြည်သူများ တိုက်ရိုက် ပါဝင်ရေး
● မြန်မာ စာပေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်သို့ လုပ်ဆောင်ကြမည်လဲ

ထွက်ပြီ

၂၀၁၃ အဓေးသင်တက္ကသိုလ်ဝင်တန်းသားများအားလားရာ

အဓေးသင်

မေလ ၄ ရက်နေ့ ဖွင့်ပြီ

အတန်းစုံ၊ မေဂျာစုံ၊ သင်ရိုးတုန်အပြတ် တန်းခွဲများ

သင်တန်းသားဟောင်းများ ကျောင်းသားကဒ်အဟောင်းနှင့်အတူ ကျောင်းအပ်ပါက DISCOUNT ပေးမည်။

Nyein Center

Nyein

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၇

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါအသင်းရုံး၌ ကျင်းပသည်။**



အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမွန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဖေသက်ခင်နှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ "သားကောင်းမိခင် တူပျော်ရွှင်"၊ "မြန်မာ့စေတနာရှင် စွမ်းအားစု" နှင့် "မွန်မြတ်သောလုပ်အားဒါနရှင်" ဂုဏ်ပြုတေးများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကို ၁၉၉၁ ခုနှစ်တွင် မိခင်နှင့်ကလေးများ အခြေပြု၍ မိသားစုကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေး ပြည့်ဝစေရေးအတွက် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ (၂၃)နှစ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လူဦးရေ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့် ကလေးများဖြစ်သောကြောင့် မိခင်သေနှုန်း၊ မွေးကင်းစ၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး သေနှုန်းများသည် နိုင်ငံတော်၏ အရေးကြီးပြီး အခြေခံကျသော စီးပွားရေး ၊လူမှုရေးနှင့် ကျန်းမာရေး အညွှန်းကိန်းများဖြစ်သည့်အတွက် မိခင်နှင့်ကလေး ကျန်းမာရေးကိစ္စများကို အထူးဦးစားပေး ကိစ္စရပ်များအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းဝင်များအနေဖြင့် မိသားစုများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ထက်သန်သည့် ဆန္ဒများ၊ နိုးကြားတက်ကြွသည့် စိတ်ဓာတ်များဖြင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြသည့်အတွက် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေး ကြိုးပမ်းမှုများတွင် ထိရောက်သော အင်အားတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဆင့်ဆင့်မှ အသင်းဝင်များအနေဖြင့် အသင်း၏ အဓိကလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး ၊စီးပွားရေး ၊လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့ကိုယ်တိုင်လေ့လာဆည်းပူးကျင့်သုံး၍ တစ်ဆင့်ပွားကာ မြို့ပြကျေးလက်ဒေသအနှံ့ရှိ ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုး တိုးပြီးဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင် နာယကများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် အသင်းလှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အသင်း ဂုဏ်ထူးဆောင် နာယကများသည် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်က အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ၂၀၁၂ခုနှစ် လုပ်ငန်းအစီရင်ခံစာနှင့် လုပ်ငန်းပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အလားတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို မေ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❋ **ရခိုင်ပြည်နယ်မှ**

- အနာဂတ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေးကို လုပ်ဆောင်ရန်ဖြစ်ကြောင်း၊

၃။ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါအချက်အလက်များမှာ မြန်မာနိုင်ငံအတွက် အနာဂတ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာရေးအတွက် အခြေခံကျပြီး လက်တွေ့ကျင့်သုံးရမည့် လမ်းညွှန်မှုဖြစ်သည်ကို တွေ့ရှိရပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်ပွားရာဒေသများသို့ သွားရောက်ခဲ့ပြီးနောက် သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့ရာတွင် အကြမ်းဖက်ကျူးလွန်မှုများအပေါ် ဥပဒေနှင့်အညီ မှန်ကန်ထိရောက်စွာ အရေးယူဆောင်ရွက်ရေး၊ အကြမ်းဖက်ခံရသူများ၏ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေး၊ အသိပညာဗဟုသုတ ကြွယ်ဝစေရန် ကလေးသူငယ်များ အခြေခံပညာတတ်မြောက်မှုနှုန်းမြင့်မားရေးအတွက် အထူးအစီအစဉ်တစ်ရပ်အဖြစ် အမြန်ဆောင်ရွက်ပေးရေးနှင့် နယ်မြေရှိ ဒုက္ခသည်များအတွက် အခြေခံလိုအပ်ချက်များ တိုးမြှင့်ကူညီပေးရေးတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

၅။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီ၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လေ့လာအကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီ(၇)ရပ်နှင့် သက်ဆိုင်ရာအစိုးရဌာနများက ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မရှင်အနေဖြင့် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်**

❖ **ကျောဖုံးမှ**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သော World Bank၊ IFC၊ ADB၊ JICA တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံအတွင်း စွမ်းအင်ဖူလုံမှု(Energy Security)ရရှိအောင် နည်းလမ်းပေါင်းစုံနှင့် ကြိုးပမ်းလျက်ရှိပြီး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများထံမှ အကူအညီများရရှိကာ ဆက်လက်ရရှိရေး ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိရာတွင် အစိုးရအပိုင်းကသာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြည့်ဆည်းပေးရန်မဖြစ်နိုင်၍ ရေအားလျှပ်စစ်စီမံကိန်းအချို့ကို နိုင်ငံခြားသားနှင့် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် BOT စနစ်အခြေခံဖြင့် ပါဝင်ဆောင်ရွက်ကြခြင်းအား ယခင်အစိုးရလက်ထက်ကတည်းက စတင်ခဲ့ပြီး ယခုဆိုလျှင် နိုင်ငံခြားနှင့်ဖက်စပ်ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သော ရွှေလီ(၁)စက်ရုံနှင့် တာပိန် ရေအားလျှပ်စစ်စက်ရုံ၊ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင် ရင်းနှီးမြှုပ်နှံသော သောက်ရေခပ် ရေအားလျှပ်စစ်စက်ရုံတို့သည် စတင်လည်ပတ် ဓာတ်အားထုတ်လုပ်ရောင်းချပေးလျက်ရှိပါကြောင်း။

လျှပ်စစ်ကဏ္ဍလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းပါဝင်ပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ခဲ့သည့်အတွက် ရလဒ်အဖြစ် ထိုင်းနိုင်ငံ Toyo Thai ကုမ္ပဏီမှ တည်ဆောက်ခဲ့သည့် အလုံသဘာဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ ပထမအဆင့်ကို ဧပြီ ၂၇ ရက်တွင် စတင်လည်ပတ်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ထို့အပြင် ပြည်တွင်းပြည်ပ ပုဂ္ဂလိကကုမ္ပဏီများနှင့် ညှိနှိုင်းသဘောတူ လက်မှတ်ရေးထိုးထားသော ရေအားလျှပ်စစ်စီမံကိန်းများအတွက် JVA အဆင့်နှစ်ခု၊ MoA အဆင့် ၂၄ ခု၊ MoU အဆင့် ၁၅ ခု၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများအတွက် MoU အဆင့် ခြောက်ခု၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများအတွက် MoA အဆင့် သုံးခု၊ MoU အဆင့် ခြောက်ခု၊ လေစွမ်းအင်သုံးစီမံကိန်းအတွက် MoU အဆင့် သုံးခု၊ နေစွမ်းအင်အတွက် MoU အဆင့် တစ်ခု ရှိပြီးဖြစ်ပါကြောင်း။

ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင်သာမက ဓာတ်အားဖြန့်ဖြူးရေး အပိုင်းတွင်လည်း ပုဂ္ဂလိကကုမ္ပဏီများမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ မြို့နယ် ၁၅ ခုတွင် ကုမ္ပဏီရှစ်ခုမှ စာချုပ်ချုပ်ဆိုဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း။

ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုကို MoU၊ MoA ၊ JVA ၊ PPA စသည့်လုပ်ငန်းစဉ်အလိုက် သဘောတူစာချုပ်များ တစ်ဆင့်ပြီးတစ်ဆင့် ချုပ်ဆိုအကောင်အထည်ဖော်ရေး ဆောင်ရွက်နေသကဲ့သို့ လျှပ်စစ်ဥပဒေအသစ်နှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ IFC၊ JICA စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီ၊ အကြံဉာဏ်များရယူပြီး ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

Myanmar IPP အလုပ်ရုံဆွေးနွေးပွဲတွင် အပြန်အလှန် ဆွေးနွေးမှုများမှတစ်ဆင့် မိမိဝန်ကြီးဌာနအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးကျေးဇူးရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ International Finance Corporation မှ Vice President Ms. Kavin Finkel Ston က မိတ်ဆက်စကားပြောကြားပြီး ADB မှ Lead Energy Specialist Mr. Jong-Inn Kim World Bank ၏ Infrastructure Finance Centre မှ Lead Counsel Mr. Mark Moseley နှင့် IFC Investment Service မှ Principal Investment Officer Mr. Eugene Sulliean တို့က လျှပ်စစ်ကဏ္ဍအတွက် IPP များနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ ရေရှည်ထောက်ပံ့မှုနှင့် ပတ်သက်၍ အခြားနိုင်ငံများမှ အတွေ့အကြုံများနှင့် ဖော်ထုတ်ချက်များအား ဆွေးနွေးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ADB မှ Senior Investment Specialist Mr. Siddharita Shah နှင့် IFC Advisory Office မှ Principal Operations Officer, Ms. Shobana Vankatamavan တို့က မြန်မာနိုင်ငံတွင် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ IPP လက်တွေ့ကျင့်သုံးရန် အကောင်းဆုံးရရှိနိုင်မည့် နည်းလမ်းများအား ဆွေးနွေးရှင်းလင်းတင်ပြသည်။

Myanmar IPP workshop အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ခြင်းကြောင့် IPP နှင့် ပတ်သက်၍ နိုင်ငံတကာတွင် လက်တွေ့ကျင့်သုံးနေသော လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး အသိအမြင်ဗဟုသုတများ ရရှိခဲ့သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

❀ **မိုင်းဖြတ်-တာချီလိတ်မှ**

နီးစပ်ရာ မိတ်ဆွေတွေ၊ ဆွေမျိုးသားချင်းတွေက အချင်းချင်းလိုက်လံနှိုးကြပြီး အန္တရာယ်လွတ်နိုင်မယ့် ကွင်းပြင်တွေ၊ လမ်းမကြီးတွေပေါ် ထွက်ပြေးရတာပေါ့"ဟု တာလေမြို့မှ ဒေသခံတစ်ဦးက ပြောပြသည်။

"နေအိမ်အဆောက်အအုံတွေ၊ လူတွေ၊ ကျွဲ၊ နွားတိရစ္ဆာန်တွေ ထိခိုက်မှုမရှိပါဘူး၊ ဒါပေမယ့် ၂၀၁၁ ခုနှစ် တာလေငလျင်ကို ကြုံဖူးထားရတော့ ကျွန်တော်တို့ သက်ဆိုင်ရာဌာနတွေက ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ချက်ချင်း ဆောင်ရွက်ခဲ့ပါတယ်၊ ဒီတစ်ခေါက်လှုပ်တာက နည်းနည်းတော့ ထူးဆန်းတယ်၊ တာလေငလျင်တုန်းက ရေလှိုင်းလိုမျိုး လှုပ်သွားတာပါ၊ အခုလှုပ်တာကတော့ အထက်အောက်နိမ့်ချည်မြင့်ချည် လှုပ်သွားခဲ့တယ်၊ ကံကောင်းတယ်လို့ဆိုရမှာပေါ့၊ ငလျင်ကတစ်ကြိမ်ပဲ လှုပ်ပြီး နောက်ထပ်မလှုပ်တော့ပါဘူး" ဟု တာချီလိတ်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်က ငလျင်ဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဦးအောင်ဖြိုးရှိန်(ကြေးမုံ)**

ငါးရစ်ငါးသန်
ဘေးမဲ့ချန်
ပုံမှန်စားသုံး
မျိုးမသုဉ်း

✪ **တောင်ပေါ်ဆီးနှင်းပြင်လွှာမှ**

ရေဖြန့်ဖြူးရေး စီမံခန့်ခွဲရေးမှူးများအနေဖြင့် ရေလှောင်တမံများ၌ ရေသိုလှောင်ထားရှိမည့် ပမာဏကို ထိန်းညှိဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဆီးနှင်းများအရည်ပျော်ဆင်းသော ဥတုရာသီအတွင်း တောင်ပေါ်ဆီးနှင်းပြင်လွှာများ အရည်ပျော်ဆင်းမှုအခြေအနေကို ခန့်မှန်းတွက်ချက်နိုင်ရန်လည်း သိပ္ပံပညာရှင်များက မျှော်မှန်းသည်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း ဆာရာနီဗားဒါး တောင်စဉ်တောင်တန်းဒေသ၌ တောင်ပေါ်ဆီးနှင်းပြင်လွှာများက ထောက်ပံ့ပေးနိုင်မည့် ရေပမာဏကို အတိအကျ တွက်ချက်နိုင်ရန် သုတေသီများက သုံးနှစ်ကြာမြင့်မည့်သရုပ်ပြစီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ဆာရာနီဗားဒါးတောင်စဉ်တောင်တန်းသည် ဆန်ဖရန်စစ္စကိုမြို့အား ရေချိုထောက်ပံ့ပေးသော အရင်းအမြစ်တစ်ရပ်ဖြစ်သည်။

သိပ္ပံပညာရှင်များသည် ကော်လိုရာဒိုမြစ်ဝှမ်းဒေသ အထက်ပိုင်းအတွက် ရေချိုထောက်ပံ့ပေးသော ဆီးနှင်းပြင်လွှာများ၏ ရေချိုသိုလှောင်နိုင်စွမ်းနှင့်ပတ်သက်၍လည်း လေ့လာလျက်ရှိကြသည်။

***Ref: R & D Magazine***

## အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** အောင်လံမြို့၊ ဟသ်ာတမြို့၊ သိမ်ဖြူမြို့၊ ငါးသိုင်းချောင်းမြို့နှင့် ဇလွန်မြို့တို့တွင် ၄၀ ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဖလမ်းမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ တီးတိန်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် ညောင်လေးပင်မြို့တွင် ၁ ဒသမ ၁၈ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

## ပြည်တွင်းရေးရာ

# ကျိုင်းတုံ၌ ၂၄ နာရီ မီးရရှိရေးဆောင်ရွက်

**ကျိုင်းတုံ မေ ၇**

ကျိုင်းတုံမြို့တွင် အမှတ်(၂) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန မြို့နယ်အင်ဂျင်နီယာမှူးရုံးမှ ကြီးကြပ်သူနှင့် လိုင်းတာဝန်ခံများက ဓာတ်အားလိုင်းအတွက် လိုအပ်သည့် ဓာတ်တိုင်အသစ်များပြောင်းလဲစိုက်ထူခြင်း၊ မဟာဓာတ်အားလိုင်းကြိုးသစ်ဆွဲခြင်းနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်းလုပ်ငန်းကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ကျိုင်းတုံမြို့တွင် ၂၄ နာရီ မီးရရှိရေးအတွက် စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား အပိုင်းလိုက်စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ လက်ရှိအခြေအနေတွင် သုံးစွဲမှုလိုအပ်ချက်အားပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ရေးမှာ ရေအားအသုံးပြုစက်များဖြစ်၍ အခက်အခဲရှိနေကြောင်းနှင့် ၂၄ နာရီမီးရရှိရန် ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**(၅၁၃)**



# မုံရွာတွင် လေပြင်းကြောင့် သစ်ပင်ပိသည့်အိမ်များ ရှင်းလင်းရန်လိုအပ်

**မုံရွာ မေ ၇**

မေ ၂ ရက်က တိုက်ခတ်ခဲ့သော လေပြင်းကြောင့် မုံရွာမြို့ရပ်ကွက်များရှိ သက်တမ်းရင့်သစ်ပင်ကြီးများ အမြစ်မှ လဲခြင်း၊ အိမ်ပြိုခြင်းများအထိ ရှိခဲ့ရာ အဆိုပါ လဲကျနေသော သစ်မြစ်ဆုံကြီးများ၊ ပင်စည်ကြီးများကို မေ ၆ ရက်အထိ ရှင်းလင်းဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရသည်။ **(အောက်ပုံ)**ပြိုလဲနေသော သက်တမ်းရင့် သစ်ပင်ကြီးများ၏ အမြစ်နှင့် ပင်စည်တို့၏ လုံးပတ်မှာ နှစ်ထပ်အိမ်တစ်လုံးစာမျှ ကြီးမားသောအပင်ကြီးများက များပြားသောကြောင့် လူအင်အားများများ၊ ပစ္စည်းအင်အားများများဖြင့် အမှိုက်ပစ်ရန် နေရာအဆင်သင့်ရှိပြီး သယ်ယူရန်အတွက်ပါ ထည့်သွင်းတွက်ချက်ကြရမည်ဖြစ်သည်။ ထို့ပြင် ပိနေသောသစ်ပင်ကြီးကို ရှင်းပြီးလျှင် ပျက်စီးနေသော နေအိမ်အဆောက်အအုံကို အားလုံးဖျက်၍ အသစ်ပြန်လည် တည်ဆောက်ရန်အတွက်လည်း အကူအညီများ လိုအပ်မည်ဖြစ်သောကြောင့် အများကဝိုင်းဝန်းကူညီဆောင်ရွက်ကြမှသာ လေပြင်းဒဏ်ခံဒုက္ခသည်များအနေဖြင့် အဆင်ပြေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့် ပူးပေါင်း၍ ဖြစ်စေ၊ NGO အဖွဲ့အစည်းများက ဖြစ်စေ၊ တစ်ဦးတည်း လှူဒါန်းထောက်ပံ့လျှင်ဖြစ်စေ မည်သည့်နည်းနှင့်မဆို အမြန်ဆုံး ထောက်ပံ့ကူညီပေးကြပါရန် သစ်ပင်ပိ အိမ်ပြိုဒုက္ခသည်များက အကူအညီတောင်းခံလျက်ရှိကြောင်း သိရသည်။

မေ ၂ ရက် ညနေ ၃ နာရီခွဲက ပျက်သွားသော လျှပ်စစ်မီးကို မုံရွာမြို့ လယ်ရပ်ကွက်များနှင့် အခြားရပ်ကွက်အတော်များများတွင် မေ ၄ ရက် ညနေ ၆ နာရီတွင် ပြန်လည်မီးပေးနိုင်ခဲ့ပြီး ဓာတ်တိုင်လဲ၍ ကြိုးများပြင်ဆင်ရန် လိုအပ်သောနေရာများတွင် ယခုအခါ လျှပ်စစ်မီးရရှိရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**



# သုံးခွမြို့ ရဲစခန်းပိုင်အတွင်း လူတစ်ဦးသေဆုံး

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် မေ ၄ ရက် နံနက် ၆ နာရီတွင် သုံးခွမြို့ရဲစခန်းမှ ဒုရဲအုပ် ညွန့်ဝင်း တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် သုံးခွမြို့ (၉)ရပ်ကွက်တွင် လူတစ်ဦးရေနစ်သေဆုံးနေကြောင်း အုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၏ သတင်းပေးပို့ချက်အရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ (၉)ရပ်ကွက် ချောင်းရိုးဟောင်းရှိ သစ်လုံးတံတားအနီးတွင် အောင်ဌေးလှိုင်(၃၅)နှစ် ဝန်ထမ်းကွက်သစ်အပိုင်(၉)ရပ်ကွက် နေသူသည် ပြင်ပဒဏ်ရာများမတွေ့ရဘဲ ရေနစ်သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရပြီး အောင်ဌေးလှိုင်မှာ အရက်အလွန်အကျွံသောက်တတ်သူဖြစ်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်နိုင်ရန် သုံးခွရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၀/၂၀၁၃ ဖြင့် စခန်းမှူး ရဲအုပ်စိုးမိုးအောင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(တံတား-ကျော်လွင်)**

# ငါးဖိုးအကြွေးရှင်းစရာရှိသည်ဟုဆိုကာ ဓားဖြင့်ထိုးသတ်

တစ်ရပ်တည်းနေ ဘဝတူငါးရှာခြင်းအလုပ်ဖြင့် ခင်မင်ရင်းနှီးသူချင်း ငါးဖိုးအကြွေးရှင်းမည်ဟုဆိုကာ ဓားဖြင့် ထိုးသတ်ခဲ့သော အမှုတစ်ခု မေ ၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာရဲစခန်းပိုင် ဆွာချောင်းရေလျှောင်တမံ ဝင်ဂဲငါးတဲစု၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သိုင်းဝကျေးရွာအုပ်စု ကျွန်းပင်ဆိပ်ကျေးရွာတွင် နေထိုင်ကြသော ဝင်းဇော်ဦးနှင့် မော့လေး (ခ) ချစ်ထွေးတို့ နှစ်ဦးမှာ လွန်ခဲ့သော ခြောက်နှစ်ခန့်ကတည်းက ခင်မင်ရင်းနှီးသူများဖြစ်ကြပြီး ယခုအခင်းဖြစ်ပွားသည့် ဝင်ဂဲငါးတဲစုတွင် နေထိုင်ရင်း ငါးဖမ်းကာ စီးပွားရေးလုပ်ကိုင်ခဲ့ကြောင်း သိရသည်။ အခင်းမဖြစ်ပွားမီအချိန်တွင် ဝင်းဇော်ဦးသည် ဇနီးဖြစ်သူ မအိမ့်စိုး၊ ဒေါ်အုန်းရီတို့ သုံးဦးမှာ စကားပြောရင်း တဲပေါ်၌ရှိနေခိုက် မော့လေး (ခ) ချစ်ထွေး (၂၂)နှစ် ရောက်ရှိလာပြီး မအိမ့်စိုးအား "ငါတို့ ငါးဖိုးစာရင်းရှင်းစရာရှိတယ်၊ နင့်အပြင်ခဏထွက်ပေး"ဟု ပြော၍ မအိမ့်စိုးက တဲအောက်သို့ ဆင်းလာစဉ် ဒေါ်အုန်းရီ၏ အော်သံကြားရသဖြင့် တဲပေါ်သို့ တက်ပြီးကြည့်ရာတွင် မော့လေး(ခ) ချစ်ထွေးက ကုလားထိုင်ပေါ်၌ထိုင်နေသော ဝင်းဇော်ဦးအား ဓားဖြင့်ရင်ဝသို့ တစ်ချက်ထိုးရာ သေဆုံးသွားခဲ့၍ ပြစ်မှုကျူးလွန်သူ မော့လေး (ခ) ချစ်ထွေးအား ဆွာရဲစခန်းမှ (ပ)၇၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ကာ စခန်းမှူးရဲအုပ် သောင်းစံက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၅၇၈)**

## မြန်မာစီးပွားရေးကော်ပိုရေးရှင်း
## အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်) ခေါ်ယူခြင်း

၁။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သံမဏိစက်ရုံများမှ ထွက်ရှိလာသော Mill Scale တန်ချိန်(၅၀၀)ခန့်အား အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၅-၂၀၁၃ ရက်မှ စတင်၍ အလုံမြို့နယ်၊ ကမ်းနားလမ်းရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(ရုံးချုပ်)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပေးသွင်းရမည့်နောက်ဆုံးရက် - ၃-၆-၂၀၁၃ ရက်

၄။ တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၆-၆-၂၀၁၃ ရက်

အချိန် - နံနက် ၁၀:၃၀ နာရီ

နေရာ - မြန်မာစီးပွားရေးကော်ပိုရေးရှင်း(ရုံးချုပ်)

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၂၁၄၀၈၇၊ ၂၂၁၃၆၉၊ ၂၁၄၂၆၈ များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
မြန်မာစီးပွားရေးကော်ပိုရေးရှင်း(ရုံးချုပ်)






# ပရီမီယာလိဂ်မှ တန်းဆင်းဇုန်အသင်းများအကြောင်း တစေ့တစောင်း



ဧပြီ ၂၈ ရက်က ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည့် ရီးဒင်းအသင်းနှင့် ကျူပီအာအသင်းတို့၏ ယှဉ်ပြိုင်မှု။

နိုင်လင်းကြည်

၂၀၁၂-၂၀၁၃ ပရီမီယာလိဂ်ရာသီတွင် တန်းဆင်းဇုန်အတွင်းကျရောက်နေသည့် အသင်းများ၏ တန်းဆင်းဇုန်အန္တရာယ်မှ လွတ်မြောက်ရေးကြိုးပမ်းမှုမှာ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီကထက်ပိုမိုစိတ်ဝင်စားစရာ ကောင်းနေခဲ့သည်။

လက်ရှိ ပွဲစဉ်(၃၆)အပြီးတွင် တန်းဆင်းဇုန်အတွင်းသို့ ရောက်ရှိနေသည့် အသင်းသုံးသင်းမှာ ကျူပီအာ၊ ရီးဒင်းနှင့် ဝီဂန် စသည့်အသင်းသုံးသင်းဖြစ်ပြီး ကျူပီအာနှင့် ရီးဒင်းမှာ တန်းဆင်းရန် သေချာခဲ့ပြီဖြစ်သည်။

ကျူပီအာအသင်းမှာ ပြီးခဲ့သည့်နှစ်ဘောလုံးရာသီကတည်းက တန်းဆင်းဇုန်ထဲကို ဝင်လိုက်ထွက်လိုက်ဖြင့် ရာသီအကုန်တွင် တန်းဆင်းသွားခဲ့ရသည့် ဘော်လ်တန်အသင်းအထက်တွင် တစ်မှတ်အသာဖြင့် ၂၀၁၂-၂၀၁၃ ပရီမီယာလိဂ်ပြိုင်ပွဲတွင် တင်ကျန်ခဲ့ရသည်။

ကျူပီအာအသင်းသည် ကမ်းဘဲလ်၊ ဇာမိုရာ၊ ဘော်ဆင်ဝါ၊ ရီမီ၊ ပက်ဂျီဆန်၊ ကလင့်ဟေးလ်၊ ခရစ္စတိုဖာဆန်ဘာ စသည့် ကစားသမားကောင်းများရှိနေခဲ့သော်လည်း ယခုနှစ်ရာသီ ပွဲစဉ်(၃၆)အပြီးတွင် နိုင်ပွဲလေးပွဲ၊ သရေ ၁၃ ပွဲ၊ ရှုံးပွဲ ၁၉ ပွဲနှင့်အတူ ရမှတ် ၂၅ မှတ်သာရရှိထားပြီး တန်းဆင်းရန်သေချာခဲ့ပြီဖြစ်သည်။

ပွဲစဉ်(၃၄)အပြီးတွင် တန်းဆင်းသွားနိုင်သည်ဟု မျှော်လင့်ရသော အက်စတွန်ဗီလာအသင်းမှာမူ ပွဲစဉ် ၃၅ နှင့် ၃၆ တို့တွင် ဆန်းဒါးလန်း၊ နော့ဝှစ်ချ် စသည့်နှစ်သင်းကို အနိုင်ကစားကာ တန်းဆင်းဇုန်အန္တရာယ်မှ လွတ်မြောက်ရန် သေချာသလောက်ရှိခဲ့ပြီဖြစ်သော်လည်း ကျူပီအာအသင်းမှာမူ လက်ရှိနည်းပြ ဟယ်ရီရက်နက် လက်ထက်တွင် အသင်း၏ ကစားသမားစုဖွဲ့မှုပုံစံသည် အားအင်မဲ့ဖြစ်ခဲ့ရပြီး ယခုနှစ် ရာသီကုန်တွင် ပရီမီယာလိဂ်၏ အောက်တန်းအဆင့်ဖြစ်သည့် ချန်ပီယံရှစ်ပြိုင်ပွဲဆီသို့ ဦးတည်လျှောက်လှမ်းရတော့မည်ဖြစ်သည်။

ကျူပီအာအသင်းသည် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် ဆွမ်ဆီး၊ နော့ဝှစ်ချ် စသည့်အသင်းများနှင့်အတူ ပရီမီယာလိဂ်သို့ တန်းတက်လာခဲ့သော်လည်း ဆွမ်ဆီးအသင်းမှာ တန်းတက်လာခဲ့သည့်နှစ်တွင် အဆင့်(၁၁)အထိ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ကျူပီအာအသင်းမှာမူ တန်းဆင်းဇုန်အထက် တစ်မှတ်အသာဖြင့် တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့သည်။ သို့ရာတွင် ယခုနှစ်တွင်မူ ချန်ပီယံရှစ်တွင် အကောင်းဆုံးရလဒ်များဖြင့် စွမ်းဆောင်ရည်ကောင်းမွန်ခဲ့သည့် ကာဒစ်ဖ်၊ ဟားစီးတီး စသည့်အသင်းများအတွက် နေရာဖယ်ပေးရတော့မည်ဖြစ်သည်။

ပရီမီယာလိဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းရန်သေချာနေသည့် နောက်ထပ်တစ်သင်းကတော့ ရီးဒင်းအသင်းဖြစ်သည်။ ရီးဒင်းအသင်းသည် ရာသီအစတွင် တန်းတက်အသင်းနှင့်မတူအောင်ခြေစွမ်းကောင်းမွန်ခဲ့သော်လည်း ဖေဖော်ဝါရီ ၂ ရက်က ဆန်းဒါးလန်းကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဖေဖော်ဝါရီ ၉ ရက်က စတုတ်စီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်မှစတင်ကာ ၁၁ ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။

မေ ၄ ရက်တွင် ဖူလ်ဟမ်ကွင်း၌ ကစားခဲ့ရသည့် ပွဲစဉ်(၃၆)တွင် ရီးဒင်းအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း တန်းဆင်းဇုန်မှလွတ်မြောက်ရန်အတွက်မူ ယခုနှစ်ပရီမီယာလိဂ်၏ ရှုံးပွဲဆက်တိုက်ကြုံတွေ့ခဲ့ရသည့် ရီးဒင်းအသင်းအတွက် အိပ်မက်ပင်မမက်ဝံ့လောက်အောင် ရင်နာခဲ့ရသည်။

ရီးဒင်းအသင်းသည် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ရမှတ် ၅၅ မှတ်ဖြင့် အဆင့်(၈)နေရာရောက်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ၂၀၀၇-၂၀၀၈ ဘောလုံးရာသီတွင် ပရီမီယာလိဂ်မှ တန်းဆင်းသွားခဲ့ရာ သုံးရာသီကြာပြီး လေးရာသီမြောက်ဖြစ်သည့် ၂၀၁၂-၂၀၁၃ ရာသီရောက်မှသာ ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်လည်တက်လှမ်းနိုင်ခဲ့သည်။

ယင်းသို့ ယခုနှစ်တွင် ပရီမီယာလိဂ်သို့ တန်းတက်လာခဲ့ရာတွင် မောရစ်ဆင်၊ အဲလက်စ်ပီယာစီ၊ စတီဖင်ကီလီ စသည့် ကစားသမားများရှိနေခဲ့သော်လည်း နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်ဆိုသော စကားနှင့်အညီ အသင်းလိုက်ကစားပုံသည် ရာသီအစတွင် ကောင်းမွန်ခဲ့ပြီး နောက်ပိုင်းတွင် ကစားသမားကောင်းတစ်ဦးနှစ်ဦးဖြင့် အသင်းကို ရလဒ်ကောင်းမွန်အောင်စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိဘဲ အသင်းလိုက်ဟန်ချက်ပျက်ယွင်းခဲ့သဖြင့် တန်းတက်လာသည့်နှစ်မှာပင် ပြန်လည်တန်းဆင်းခဲ့ရသည်ဆိုသော မှတ်တမ်းတစ်ခု တင်ကျန်ခဲ့ပြီဖြစ်သည်။

ဝီဂန်အသင်းသည်လည်း ၃၅ ပွဲကစားအပြီးတွင် ရမှတ် ၃၅ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်းကျရောက်လျက်ရှိပြီး တန်းဆင်းရန်အတွက်မူ မသေချာသေးပေ။ လက်ရှိတွင် တန်းဆင်းဇုန်တစ်နေရာအတွက် ဝီဂန်၊ ဆန်းဒါးလန်း၊ နယူးကာဆယ်၊ နော့ဝှစ်ချ် စသည့်အသင်းများထဲမှ မည်သည့်အသင်း ရာသီကုန်တွင် တန်းဆင်းသွားမည်လဲဆိုတာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ဝီဂန်အသင်းသည် ပရီမီယာလိဂ်တွင် ရာသီတိုင်းနီးပါး တန်းဆင်းဇုန်အနီးတွင် တစ်ရစ်ဝဲဝဲဖြင့် ပရီမီယာလိဂ်၌ တင်ကျန်နေတတ်သည့် ကံကြမ္မာကောင်းများ ရှိနေခဲ့သည်။ ပရီမီယာလိဂ်တွင် တင်ကျန်ခဲ့ရာတွင်လည်း အဆင့် ၁၄၊ ၁၅၊ ၁၆၊ ၁၇ စသည်ဖြင့် တန်းဆင်းဇုန်အထက် တစ်မှတ်နှစ်မှတ်အကွာဖြင့်သာ တင်ကျန်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတစ်ခုတည်းသာ အဆင့်(၁၁)ထိ ရောက်ရှိခဲ့သည်။

လက်ရှိတွင် ဝီဂန်အသင်းသည် တန်းဆင်းဇုန်အတွင်း ကျရောက်နေသဖြင့် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် လက်ကျန်သုံးပွဲတွင် ရုန်းကန်ရဦးမည် ဖြစ်သည်။ ယခင်နှစ်များကကဲ့သို့ ပရီမီယာလိဂ်တွင် တင်ကျန်ရန်အတွက်မူ လွယ်ကူမည်မဟုတ်ဘဲ ကျန်သုံးပွဲမှာ ဆွမ်ဆီးကို အိမ်ရှင်အဖြစ်လက်ခံကစားရမည်ဖြစ်သည်။ အာဆင်နယ်အသင်းကို အဝေးကွင်းတွင် သွားရောက်ကစားပြီးမှသာ ဗီလာကို အိမ်ကွင်းကစားရမည်ဖြစ်၍ တန်းဆင်းဇုန်မှ လွတ်ရန်မှာ ရွှေပြည်တော်မျှော်တိုင်းဝေး ဖြစ်နေမည်မှာ မလွဲပေ။

ဝီဂန်အသင်းလက်ကျန်ပွဲစဉ်များတွင် အကောင်းမွန်ဆုံးရလဒ်ရရှိရန်မှာ ခက်ခဲလိမ့်မည် ဖြစ်သည်။ ယင်းမှာ မန်စီးတီးအသင်းနှင့် ဝင်ဘာလေကွင်း၌ အက်ဖ်အေဖလား ဗိုလ်လုပွဲကို မေ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားရန်ရှိနေပြီး အာဆင်နယ်အသင်းသည်လည်း ချယ်လ်ဆီး၊ စပါးတို့နှင့် အပြိုင် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် အစွမ်းကုန်ကြိုးပမ်းလာမည်ဖြစ်၍ ဝီဂန်အတွက် အဆုံးသတ်ရလဒ်သည် ယခင်နှစ်များကလို ကံကောင်းရန်လွယ်ကူမည်မဟုတ်ပေ။

သို့ရာတွင် လက်ရှိစာရေးနေသောအချိန်တွင် ဝီဂန်အသင်းသည် ဆွမ်ဆီးအသင်းနှင့် မကစားရသေးသဖြင့် တန်းဆင်းဇုန်တစ်နေရာအတွက် စတုတ်စီးတီးအသင်းနှင့် သရေကျခဲ့သည့် ဆန်းဒါးလန်းသည်လည်း နောက်ပိုင်းလက်ကျန်နှစ်ပွဲတွင် လွဲချော်မှုများရှိခဲ့ပါက တန်းဆင်းသွားနိုင်ပြီး ဝီဂန်အသင်းအနေဖြင့် လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းမွန်ခဲ့ပါမူ ယခုနှစ်တွင်လည်း တန်းဆင်းဇုန်မှ လွတ်မြောက်ရန်အခွင့်အလမ်းရှိနေသည်။ ထို့ကြောင့် ရာသီမကုန်မချင်း အသက်ဝင်ကာ စိတ်ဝင်စားစရာကောင်းနေသည့် တန်းဆင်းဇုန်တစ်နေရာကတော့ ဘောလုံးချစ်သူ ပရိသတ်များအတွက် စိတ်လှုပ်ရှားစရာကောင်းနေခဲ့ပြီဖြစ်သည်။

## ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Elite Tech Group Company က အဓိက ကူညီပံ့ပိုးမည့် ၂၀၁၃ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်အနေဖြင့် Elite Tech Open Golf Championship 2013 ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၁၄ ရက်မှ ၁၇ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း(ဒညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့်ပြိုင်ပွဲ(H'Cap 0-12)အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဦးရေ ကန့်သတ်ထားသည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး(St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် မေ ၁၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၂၀၀၀၀ ဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဖုန်း-၀၉-၄၃၀၉၅၆၇၈၊ မြန်မာပီဂျီအေ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ရန်ကုန်ဂေါက်ကွင်း ဖုန်း-၀၉-၇၃၁၅၈၈၀၂၊ ၀၁-၆၃၅၅၆၃ တို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ကြေးပေးသွင်းပြီးသူများသာ မေ ၁၀ ရက် (သောကြာ)တွင် ရန်ကုန်ဂေါက်ကွင်း၌ အခမဲ့လေ့ကျင့်ကွင်းပတ်ခြင်း(Free Practice Round) ပြုလုပ်နိုင်သည်။

ဒုတိယပွဲစဉ်တွင် အမည်စာရင်းပေးသွင်းပြီး အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ပွဲမဝင်နိုင်ပါက မေ ၁၃ ရက်တွင် အကြောင်းကြားပေးရန်ဖြစ်သည်။ အကြောင်းကြားရန်ပျက်ကွက်ပါက နောင်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

(ကြေးမုံ)

Y.E.S. Since 1994
ကျေးဇူးခံစွမ်းနိုင်ပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ/အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများ အတွက်

| | |
|---|---|
| **Basic Spoken English** | |
| Mon to Thurs-7:30-9:30am | 13,27 May |
| Mon to Thurs-3:00-5:00pm | 13,27 May |
| Mon to Thurs-5:00-7:00pm | 13,27 May |
| Sat & Sun -3:45-6:45pm | 18 May |
| Mon to Thurs-10:00-12:00am | 20 May |
| Sat & Sun -9:00-12:00am | 25 May |
| Sat & Sun -12:30-3:30pm | 25 May |
| Mon to Thurs-1:00-3:00pm | 27 May |
| **Pre-Intermediate English** | |
| Sat & Sun - 12:00-3:00pm | 25 May |
| Mon to Thurs-7:30-9:30am | 27 May |
| **Intermediate English** | |
| Mon to Thurs-1:00-3:00pm | 20 May |
| **Grammar Foundation Course** | |
| Sat & Sun - 9:00-12:00am | 18 May |
| Mon to Thurs- 7:30-9:30am | 20 May |
| **Basic Writing Course** | |
| Mon to Thurs - 3:00-5:00pm | 20 May |
| **Structure & Written Expression** | |
| Mon to Thurs - 10:00-12:00am | 13 May |
| Sat & Sun - 12:30-3:30pm | 18 May |
| **Vocabulary Enrichment Course** | |
| Mon toThurs- 3:30-5:00pm | 20 May |
| Sat & Sun - 10:00- 12:00 am | 8 Jun |

IELTS,IELTS(SPEAKING), SAT,API,AWC,TOEFL

No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. ☎ 243950

No.18 Vol.5 POPULAR News Journal
Right decisions come from wide vision.
ဒီမိုကရေစီရရှိရေး ပြည်သူတွေ ဘာပေးရမလဲ
ရဲမနိုင်သောပဋိပက္ခ စစ်တစ်ကျရန် အရေးပေါ်ထွက်တော်တွင် အတည်ပြုပြဋ္ဌာန်းရှိ
ထွက်ပြီ

### ကျေးဇူးဆပ်ပါမည်

ဂေါ်လီအမည်ရှိ တယ်ရီယာမွေးပွအဖြူရောင် (၁)နှစ် ၂လသားအရွယ် နှာခေါင်းနက်နှင့် ခွေးထီးလေးတစ်ကောင်သည် ဧပြီ ၁၂ရက် ည ၁၀နာရီခွဲအချိန်တွင် တောင်ဥက္ကလာပ (၃)ရပ်ကွက် ငွေကြာယံဘုန်းကြီးကျောင်းအနီးတွင် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန်လိပ်စာ**

**အမှတ် ၁၈၅၊ ၁၀လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၅၈၀၀၊ ၀၉-၅၁၆၂၄၄၅၊ ၀၉-၅၁၆၄၂၅၆**

## လက်ထပ်မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၁၄-E)နေ
အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ(ဦးသန်းဖေလေး)-ဒေါ်နုနုရီ (ဥက္ကဋ္ဌပန်းသခင် ပန်းအလှစိုက်ပျိုးရေးကုမ္ပဏီလီမိတက် နှင့်ခေတ်မီဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) တို့၏
သားငယ်

**ဒေါက်တာပြည့်ဖြိုးအောင် (M.B.,B.S)**
**လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
နှင့်
ရေတာရှည်မြို့၊ ဈေးလမ်းနေ(ဦးစူ)-ဒေါ်ဘီဘီတို့၏မြေး ဒေါက်တာကြင်သိန်း-ဒေါက်တာမြင့်မြင့်စန်းတို့၏ တစ်ဦးတည်းသောသမီး၊ ဒေါက်တာနေလင်း(B.D.S)၏အစ်မ

**ဒေါက်တာဇာဖြူဝင်း (M.B.,B.S)**
**လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

တို့၏ ၁၇-၄-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်တောရ စာသင်တိုက်၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးနှင့် ၁-၅-၂၀၁၃ရက် Inyalake Hotel (Pool Side Lawn)၌ ကျင်းပ ပြုလုပ်သော မင်္ဂလာညစာစားပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ Nightingale တေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ချောစုဓာတ်ပုံတိုက်နှင့် ချောစုမင်္ဂလာ ဝတ်စုံ၊ မိတ်ကပ်တော်ဝင်သူ(မေဦးမောင်)နှင့်အဖွဲ့၊ ပန်းအလှဆင် လင်းလင်းနှင့်အဖွဲ့၊ မီးအလှ ဆင်ပေးသော Everlight အဖွဲ့တို့အားလည်းကောင်း၊ အဘက်ဘက် မှ ဝိုင်းဝန်းကူညီကြပါသော မိဘဆွေမျိုးများ၊ သူငယ်ချင်းများနှင့်တကွ Inyalake Hotelမှ EEKALL နှင့် ဝန်ထမ်းများအားလုံး ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ဒေါက်တာပြည့်ဖြိုးအောင်-ဒေါက်တာဇာဖြူဝင်း**


THE DIGICEL
CAREER OPEN DAY
SATURDAY 11TH MAY
Come and talk to Digicel about career opportunities in Myanmar: Park Royal Hotel. 33 alan Pya Pagoda Street Yangon. 3pm to 7pm
Hotline Contact Numbers: 094 395 7890
094 395 7893 I 094 395 7894
Management
Sales
Retail
Distribution
Customer Care
Engineering
IT
Human Resources
Administration
JOBS.DIGICELMYANMAR.COM
Digicel

## အထက်မြန်မာပြည်သတင်း

# ထိုင်းလူမျိုးများ မကြာခဏ လာရောက်လေ့လာသည့် စစ်ကိုင်းမြို့မှ ရှေးဟောင်းမဟာသိမ်တော်ကြီး



**စစ်ကိုင်း မေ ၇**

စစ်ကိုင်းမြို့ သမိုင်းဝင် ဝေဠုဝန်ငါးထပ်ကြီးဘုရားအနီး၌ တည်ရှိသည့် ရှေးဟောင်းအုတ်တိုက်သိမ်တော်ကြီး**(ယာပုံ)**သည် ထိုင်းလူမျိုးနှင့် ယဉ်ကျေးမှုချင်း ဆက်စပ်မှုများရှိနေသဖြင့် ထိုင်းလူမျိုးများအဖွဲ့လိုက် မကြာခဏ လာရောက်လေ့လာလျက်ရှိကြကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းမဟာသိမ်တော်ကြီးသည် အုတ်အင်္ဂတေနှင့် ဆောက်လုပ်ထားသည့် အဆောက်အအုံကြီးဖြစ်ပြီး ဝေဠုဝန်ငါးထပ်ကြီးဘုရား၏ အနောက်တောင်ယွန်းယွန်း၊ လင်းဇင်းရပ်ကွက်နှင့် ကန္နားတော်ရွာအကြား ခိုနန်းကျောင်းအနောက်ဘက် မဟာသိမ်တော်ကြီးကျောင်းတိုက်အနီးတွင် တည်ရှိသည်။ အဆိုပါရှေးဟောင်းမဟာသိမ်တော်ကြီးသည် မီးတားတံတိုင်းနှင့်တကွ ဆောက်လုပ်ထားပြီး ဝင်ပေါက်မုခ်သည် မြောက်ဘက်မှုဖြစ်သည်။ တောင်မြောက်အလျား ၄၅ ပေခန့်၊ အရှေ့အနောက်ပေ ၃၀ ခန့်နှင့် အမြင့် ၃၅ ပေခန့်ရှိပြီး အတွင်းဘက်နံရံများပေါ်တွင် နံရံဆေးရေးပန်းချီများရှိသည်။ အဝင်ဘက်ပေါင်းကူးအမိုးခုံးပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ပလ္လင်ကျောင်းဆောင်၊ ထီးဖြူ တံခွန်ကုက္ကားများနှင့်ရေးဆွဲထားသည်။ အထက်တန်းစီးနံရံပတ်လည်တွင် ဗုဒ္ဓရုပ်ပွားတော်များကို တန်းစီရေးဆွဲထားပြီး အထက်မိုးပေါင်းကူးတွင် ကြာစက်ဝန်းကနုတ်ပန်းခွေပုံများကို ရေးဆွဲထားသည်။ ရှေးဟောင်းသိမ်တော်ကြီးသို့ မကြာခဏလာရောက်လေ့လာကြသည့် ထိုင်းလူမျိုးများသည် အတွင်းဘက်ရှိ နံရံဆေးရေးပန်းချီများကို အထူးစိတ်ဝင်စားကြကြောင်း သိရသည်။

သိမ်တော်ကြီး၏ အရှေ့ဘက်မျက်နှာနှင့် အနောက်ဘက်မျက်နှာတွင် ပြတင်းလေးပေါက်စီပါရှိပြီး ပြတင်းပေါက်ပေါင်ခွေများကို ပန်းတော့ပညာဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး တန်ဆာဆင်ထားသည်။ ပြတင်းပေါက် ရှစ်ပေါက်ရှိရာ ပြတင်းတစ်ပေါက်စီတွင် အဆင်တန်ဆာတစ်မျိုးစီဖြင့် ခြယ်မှုန်းပြုလုပ်ထားသည်။ ပြတင်းပေါင်ခွေအရုပ်များကို ဂဠုန်၊ နဂါး သုတ်ချီထားဟန်၊ နဂါးကျေးနင်းပုံ၊ မကန်းအမြီးယှက်ပုံ၊ ကျေးပန်းကိုက်ပုံ၊ ဟင်္သာအမြီးဆိုင်ပုံ စသည်တို့နှင့် အပြင်နံရံများတွင် ပန်းပွင့်များနှင့် အမွှမ်းအပြောက်ပြုလုပ်ထားသည်။ အမိုးထောင့်စွန်းနှင့် အလယ်တွင် တုရင်၊ စိုင်ပေါင်များ၊ ကိန္နရာရုပ်၊ နယားရုပ်၊ နတ်ရုပ်များဖြင့် အလှဆင်ထားသည်ကို တွေ့ရသည်။ သိမ်တော်ကြီး၏ တံတိုင်းမီးတား၏ ထောင့်လေးထောင့်တိုင်နှင့် တောင်ဘက်၊ မြောက်ဘက် အဝင်ပေါက်တို့တွင် စိုက်ထူထားသည့် တုရိုဏ်တိုင်များမှာ ယိုးဒယားလက်ရာဆန်ကြောင်း သိရသည်။ စစ်ကိုင်းမြို့တွင် ရှေးမြန်မာမင်းများလက်ထက်က စစ်ပွဲများအောင်မြင်ရာမှ ခေါ်ဆောင်လာသည့် သုံ့ပန်းများ၊ လက်မှုပညာရှင်များကို နေရာချထားခဲ့ကြောင်း၊ လင်းဇင်း၊ ဒါးဝယ်ဈေး၊ ကန္နားတော်၊ ဘော်ဂါ၊ ချင်းစု၊ ပုဏ္ဏားစု၊ အပ်ချုပ်စု စသည့်ရပ်ကွက်၊ ကျေးရွာများ တည်ရှိခဲ့ကြောင်း သိရသည်။

**(နန္ဒာမင်းလွင်)**

# ဂေါ်ဝိန်ဆိပ်ကမ်းတွင် သင်္ဘောပေါ်မှ ဆန်အိတ်များ ခိုးယူခံရ

**မန္တလေး မေ ၇**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဂေါ်ဝိန်ဆိပ်ကမ်း၌ ရပ်နားထားသော ကုန်သင်္ဘောပေါ်မှ ဆန်အိတ်များခိုးယူခံရမှု မေ ၁ ရက်ကဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲမှူးစိုးငြိမ်းထံမှသိရသည်။

ဖြစ်စဉ်မှာ မဟာအောင်မြေမြို့နယ် ဂေါ်ဝိန်ဆိပ်ကမ်း၌ ရပ်နားထားသောရေကြောင်းပို့ဆောင်ရေး ပဒုမ္မာ ကုန်သင်္ဘောပေါ်သို့ မေ ၁ ရက် ညသန်းခေါင်ကျော်ခန့်တွင် စက်လှေတစ်စင်းဖြင့် လူလေးဦးမှ သင်္ဘောပေါ်ရှိ ဆန်အိတ် ငါးအိတ်အား ခိုးယူသွားကြောင်း၊ ယင်းဖြစ်စဉ်အား ထိုညက သင်္ဘောပေါ်တွင် သင်္ဘောလုံခြုံရေး ကုန်းပတ်ဆောင်ရွက်သူ သင်္ဘောသား ကိုသက်နိုင်က အမှတ်(၇) ရဲစခန်းသို့ လာရောက်တိုင်ကြားမှုကြောင့် သက်ဆိုင်ရာရဲစခန်းက (ပ)၂၆၄/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကျော်မင်းသော်)**

# ရေမရှား၊ ငွေမရှားတဲ့ ကျောက်တန်းရွာကလေး

**မင်းဘူး မေ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၏အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် ကျောက်တန်းကျေးရွာရှိပြီး ဥယျာဉ်ခြံမြေများ၊ စိုက်ခင်းပျိုးခင်းများနှင့် စိုပြည်လှပလျက်ရှိသည်။

ကျောက်တန်းကျေးရွာသည် အိမ်ခြေ ၆၀၀ ခန့်ရှိပြီး မြေနိမ့်ပိုင်း၌တည်ရှိသည်။ အိမ်တိုင်းလိုလို ရေတွင်းများ တွေ့ရပြီး လျှပ်စစ်မီးလည်းရသည်။ “ဒီရွာမှာ ရေတွင်းတူးရင် ကိုးတောင်၊ ၁၀ တောင်ဆိုရင်ရေထွက်တယ်”ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။ ရွာအနောက်ပိုင်းတွင် ဥယျာဉ်များကိုတွေ့ရသည်။ ဥယျာဉ်ပိုင်ရှင်တစ်ဦးက “ဒီရွာမှာက ရေအခက်အခဲမရှိတော့ စိုက်ပျိုးတဲ့ ဥယျာဉ်ခြံမြေတွေပေါတယ်၊ ကျွန်တော့်ခြံထဲမှာဆိုရင် သရက်ပင်တွေရှိတယ်၊ သရက်မျိုးကတော့ မချစ်စု၊ ရွှေဖလား၊ မန္တလေးရင်ကွဲနဲ့ မြောက်ခေါင်းလို့ခေါ်တဲ့ သရက်စိမ်းစားမျိုးတွေရှိတယ်၊ သရက်သီးပေါ်ချိန်မှာ သေတ္တာနဲ့ရိုက်ပြီး မင်းဘူးနဲ့ မကွေးဈေးကွက်ကိုပို့တယ်၊ မချစ်စုဆိုရင် တစ်လုံး ကျပ် ၇၀၊ ၈၀ နဲ့ ဖောက်သည်ဈေးပေးတယ်၊ နောက် သင်္ဘောသီးဆိုရင် ထိုင်ဝမ်မျိုးနဲ့ မြန်မာမျိုးတွဲပြီးစိုက်တယ်၊ ထိုင်ဝမ်သီးကအလုံးလှပြီးကြီးတယ်၊ စားရင်အချိုပေါ့တယ်၊ လေးလေးပင်ပင်မရှိဘူး၊ ဖျော်ရည်သမားတွေ အသုံးများတယ်၊ ခြံကိုလာဝယ်ရင် တစ်လုံး ကျပ် ၇၀၀၊ ၈၀၀၊ ၁၀၀၀ ထိ ဈေးရှိတယ်၊ မြန်မာသင်္ဘောသီးကတော့ စားတဲ့အခါ လေးလေးပင်ပင်ချိုတယ်၊ ခြံကိုလာဝယ်ရင် တစ်လုံး ကျပ် ၄၀၀၊ ၅၀၀ ဈေးရှိတယ်” ဟုရှင်းပြသည်။ ထို့ပြင် သူ၏ ဥယျာဉ်ထဲ၌ ခဝဲစိုက်ခင်း၊ ရုံးပတီ၊ ဆူးပုပ်၊ ကင်ပွန်းချဉ်၊ မြင်းခွာရွက်နှင့် ပူစီနံ စသော မီးဖိုချောင်သီးနှံများလည်း စိုက်ပျိုးထားသည်။

“မြင်းခွာရွက်ကဈေးကွက်ကောင်းတယ်၊ တစ်စည်းကို ငါးကျပ်နဲ့ ဈေးကဖောက်သည်တွေ လာဝယ်ကြတယ်၊ ဆူးပုပ်က နှစ်မျိုးရှိတယ်၊ ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေး ရှိတယ်၊ ဆူးပုပ်ကိုရက်ခြားခူးပြီး မင်းဘူးဈေးပို့တယ်၊ ဆူးပုပ်တစ်ပိဿာ ကျပ် ၁၈၀၀ အထိ ဈေးကောင်းရတယ်၊ ခုချိန်မှာ ဆူးပုပ်ကရှားနေပြီလေ၊ ရုံးပတီသီးကတော့ လက်လီဈေးတစ်တောင့် ၇ ကျပ်၊ ဖောက်သည်ဈေးကတော့ အတောင့် ၁၀၀ ကို ကျပ် ၅၀၀၊ ၆၀၀ နဲ့ မကွေးနဲ့ မင်းဘူးဈေးကို ပို့တယ်၊ သုံးဘီးခက ပီနံအိတ်တစ်လုံး ကျပ် ၃၀၀ ပေးရတယ်”ဟု ဆိုသည်။

ကျောက်တန်းကျေးရွာတွင် ရာသီအလိုက် မြေပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပဲကြီး စသော သီးနှံများကို စိုက်ပျိုးကြသည်။ ထို့ပြင် ကျောက်တန်းရွာဝန်းကျင်၌ ပြောင်းဖူးစိုက်ခင်းများလည်း တွေ့ရသည်။

“ကျောက်တန်းမှာစိုက်တဲ့ ပြောင်းမျိုးက ထိုင်ဝမ်ပြောင်းကို အစိုက်များတယ်၊ ပြောင်းဖူးကပေါ်ခါစကဆိုရင် တစ်ဖူး ကျပ် ၈၀၊ ၁၀၀ အထိရတယ်၊ ခုနောက်ပိုင်းမှာ ကျပ် ၅၀၊ ၆၀ လောက်ပဲဈေးရှိတော့တယ်၊ မကွေးနဲ့မင်းဘူးဈေးကွက်ကိုတင်ပို့ပါတယ်၊ ခုနောက်ပိုင်းမှာ ပြောင်းစိုက်တာနည်းလာတယ်၊ ပြောင်းက လေးလအထိစောင့်ရတယ်၊ ရုံးပတီသီးကတော့ တစ်လခွဲ၊ နှစ်လလောက်နဲ့ ငွေပေါ်တယ်၊ ဒါကြောင့် ရုံးပတီသီးကို အစိုက်များလာကြတယ်”ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။

ကျောက်တန်းရွာကလေးသည် မင်းဘူးမြို့နှင့်သိပ်မဝေး၊ တစ်မိုင်ခန့်သာရှိလိမ့်မည်။ ထို့ကြောင့် ရွာကလေး၌ မြို့ပြ၏ အငွေ့အသက်များတွေ့ရသလို ရွာအနောက်ပိုင်းကျပြန်တော့ ဥယျာဉ်ခြံမြေများ၊ စိုက်ခင်းများ၊ ပန်းခင်းများနှင့် ကျေးလက်၏သဘာဝအလှများကို ခံစားရပြန်သည်။ ထို့ကြောင့် ရေမရှား၊ ငွေမရှားတဲ့ ကျောက်တန်းရွာကလေး ဟုသာ တင်စားခေါ်ဝေါ်ချင်ပါတော့သည်။**(မကွေးလှမြင့်)**


## မွေးနေ့ဆုတောင်း

သမီးလေး **မယ်ဥက္ကာဆန်းလွင်**၏ ၈-၅-၂၀၁၃ ရက်တွင် ကျရောက်သော (၈)နှစ်မြောက်မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်---

| | |
|---|---|
| **ချစ်ဖေဖေ** | - **ဒုတိယ ဗိုလ်မှူးကြီးအောင်ဆန်းလွင်** |
| **ချစ်မေမေ** | - **ဒေါ်မေသန္တာမြင့်** |
| **လေးလေး** | - **ကျော်စည်သူ B.Med.Tech (MLT) LL.B(W.H.O)ကျိုင်းတုံ** |
| **ချစ်ဘိုးဘိုး** | - **ဦးတိုးစိန်(ဒု-ညွှန်မှူး-ငြိမ်း၊ သမဦးစီးဌာန)** |
| **ဘွားဘွား** | - **ဒေါ်သန်းမြင့်** |

Great Bamar Travel & Tours Co.Ltd

**ဗန်ကောက်-ပတ္တရား (၄ ည ၅ရက်) တစ်ဦးလျှင် ၂ သိန်း**

| | | | |
|---|---|---|---|
| စင်ကာပူ (၂ ည ၃ ရက်) | -၂ သိန်းခွဲ | **ဟိုတယ်နှင့်ခရီးစဉ်သီးသန့်** | |
| မလေးရှား(၃ ည ၄ ရက်) | -၂ သိန်းခွဲ | မေ | ၂၃/၂၄ |
| | | ဇွန် | ၁၂/၂၀ |
| မလေးရှား-စင်ကာပူ (၅ ည ၆ရက်)-၅သိန်း | | ဇူလိုင် | ၁၁/၁၈ |

၁၀၄၊ ၁၁၂၊ ဒုထပ်၊ အနော်ရထာလမ်း၊ ၃၇လမ်းထောင့်၊ ကျောက်တံတား၊ ရန်ကုန်။
Tel.01-389628,09-450029517.Web:www.greatbamar.com

## Condo ၈ ထပ်တိုက် ရောင်းမည်

အမှတ်(၃၈)၊ မိုးကောင်းလမ်းမ၊ ရန်ကင်းမြို့နယ်၊ ဂရန်မြေ (၅၂'x၉၆')၊ အဆောက်အအုံ(၅၀'x၈၀')၊ ရှစ်ထပ်တိုက်၊ Penthouse ပါ၊ ဓာတ်လှေကား(၁)စင်း၊ အဆောက်အအုံ ကြမ်းခင်းဧရိယာ စုစုပေါင်း(၃၈,၀၀၀ စ/ပေ)၊ ဟိုတယ်၊ ဘဏ်၊ ရုံးခန်းများ ဖွင့်လှစ်ရန်သင့်လျော်။ (35,000 Lakhs)

ဆက်သွယ်ရန် - 09-5410374 , 09-5022153

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၈၁၈၇၄ Honda 100 m/c ယာဉ်လက်ဝယ်ရှိသူအမည် ဦးနိုင်လင်း မှတ်ပုံတင်အမှတ်[၉/ခမစ(နိုင်)၀၁၂၅၄၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**




# ရမည်းသင်းမြို့တွင် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို ဥပဒေအရစိစစ်ဆောင်ရွက်

**ရမည်းသင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းစနစ်တကျရှိစေရေးအတွက် မေ ၃ ရက် နံနက်က နာရီစင်အနီး၌ ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဦးစီးဌာန၊ တရားရေး၊ မြို့နယ်စည်ပင်၊ အရန်မီးသတ်၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ကညနမှတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်း ဖောက်ဖျက်မှုများကို ပညာပေးကာလနောက်ပိုင်း ဥပဒေအရစိစစ်ဆောင်ရွက်ခဲ့သည်။

ယာဉ်အင်္ဂါမပြည့်စုံသော မော်တော်ဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်ရာ၌ ဦးထုပ်မဆောင်းခြင်း၊ မေးသိုင်းကြိုးမတပ်ခြင်း၊ သုံးယောက်စီးခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းမလိုက်နာဘဲ စီးနင်းခြင်း၊ မဆင်မခြင် မောင်းနှင်ခြင်းစသည့် စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များနှင့် ဆိုင်ကယ်စီးသူများအား ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့မှ ပြစ်မှုအလိုက် အရေးယူသွားမည်ဟုသိရပြီး ရမည်းသင်းမြို့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်း လမ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် အသိပညာပေးဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**လှိုင်သန်းတင့်(ရမည်းသင်း)**


ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း
ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား


# သစ်ပင်ဝင်တိုက်ပြီး ဆိုင်ကယ်စီးသူ သေဆုံး

**ပခုက္ကူ မေ ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရဲစခန်းပိုင်နယ်မြေအတွင်း ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အမှတ်(၁)ရပ်ကွက် ရွှေချောင်းတံတားပေါ်၌ ဆိုင်ကယ်ကို အရှိန်ပြင်းစွာမောင်းနှင်လာရာ ယာဉ်တိုက်မှုဖြစ်၍ လူတစ်ယောက်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေစကြိုမြို့နယ်အမှတ်(၃)ရပ်ကွက်နေ ချစ်မောင်မောင်မြင့်(၃၅)နှစ်(ကျပန်း)သည် ၃၀ယ/.... ဆိုင်ကယ်အား ရွှေချောင်းတံတားပေါ်တွင် အနောက်မှအရှေ့သို့ အရှိန်ပြင်းစွာ မောင်းနှင်လာရာ ရွှေချောင်းတံတား အရှေ့ထိပ်အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏မြောက်ဘက်(ဝဲဘက်) လမ်းဘေးပလက်ဖောင်းကို ပွတ်တိုက်ဆွဲပြီး အနီးရှိ သစ်ပင်အား ဝင်တိုက်၍ ဆိုင်ကယ်လဲကျကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပခုက္ကူရဲစခန်းမှ (ပ)၁၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူ၍ အမှုစစ် ဒုတိယရဲအုပ်မြသန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၇၁)

# ထင်ရှားကျော်ကြားလှသော ကရင်ပြည်နယ်ရှိ ကော့ကသောင်လိုဏ်ဂူတော်၊ နတ်ရေတွင်းနှင့် မြစောညီနောင်စေတီတော်



ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကသောင်ကျေးရွာရှိ ကော့ကသောင်လိုဏ်ဂူတော်ကို တွေ့ရစဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ
နိုင်နိုင်ထွန်း (ကျုံဒိုး)

ကရင်ပြည်နယ်တွင် ထင်ရှားကျော်ကြားသော စေတီပုထိုးများ၊ လိုဏ်ဂူများ၊ ဂူဘုရားများ၊ ရေတံခွန်များ၊ တောင်တန်းကြီးများနှင့် အခြားစိတ်ဝင်စားစရာ နေရာအများအပြားရှိသည့်အနက် ကော့ကသောင်လိုဏ်ဂူတော်သည်လည်း ထူးခြားဆန်းပြားလျက်ရှိပြီး စိတ်ဝင်စားစရာအလွန်ကောင်းလှသည်။ ကရင်ပြည်နယ်သည် နယ်မြေအေးချမ်းလာမှုအပေါ် ဒေသခံများ၊ ပြည်တွင်းမှ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများလည်း အားလပ်ရက်များတွင် ဘုရားဖူး၊ ပျော်ပွဲစား၊ လာရောက်အနားယူအပန်းဖြေကြပြီး စေတီဘုရား၊ ရုပ်တုတော်များအား လာရောက်ဖူးမြော်ကန်တော့ကြသည်။ ထို့အပြင် ကော့ကသောင်လိုဏ်ဂူတော်သည် ယခင်နှစ်များထက် ကမ္ဘာလှည့်ခရီးသွား ဘုရားဖူးဧည့်သည်များ တစ်ရက်တည်းတွင် ၁၀၀ ကျော် လာရောက်ဖူးမြော်လေ့လာကြကြောင်း သိရသည်။

ကော့ကသောင်လိုဏ်ဂူတော်သည် သမိုင်းစာပေ အထောက်အထားများနှင့် မှတ်တမ်းဓာတ်ပုံများကို ကရင်ပြည်နယ် စာရေးဆရာ ဦးမန်းသင့်နောင်(ကော့ကရိတ်) ရေးသားပြုစုထားသည့် စာအုပ်များနှင့် အခြားဝတ္ထုတို၊ ဆောင်းပါး၊ မဂ္ဂဇင်းများတွင်လည်း အကျယ်တဝင့်ရေးသား ဖော်ပြထားသည်ကိုတွေ့ရသည်။ ကော့ကသောင်လိုဏ်ဂူတော်သည် ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကသောင်ကျေးရွာတွင်တည်ရှိပြီး ကားလမ်းမကြီး၏ဘေးတွင် တည်ရှိသဖြင့် လမ်းခရီးမှာ သွားလာရအဆင်ပြေလျက်ရှိသည်။ အချိန်မရွေး၊ ရာသီမရွေး၊ စက်ဘီး၊ ဆိုင်ကယ်၊ ကားများဖြင့် လာရောက်လေ့လာဖူးမြော်နိုင်သည်။

ကော့ကသောင်လိုဏ်ဂူတော်သည် ဇွဲကပင်တောင်၏ တောင်ခွဲငယ်တစ်ခုဖြစ်သော်လည်း တောင်ဘက်၌ လွန်းညတောင်၊ အရှေ့ဘက်၌ နတ်ထိတောင်၊ ခလောက်ထောင်တောင်နှင့် ထောင်ကလပ်တောင်၊ အနောက်မြောက်ဘက်၌ ဖားပုတောင်နှင့် ကြာအင်းတောင်၊ အနောက်ဘက်၌ ဇွဲကပင်တောင် စသည့် ထင်ရှားကျော်ကြားလှသော တောင်များဖြင့် ဝန်းရံလျက်ရှိသည်။

ကော့ကသောင်လိုဏ်ဂူတော်ရှိ ဘုရားဓာတ်တော်များကို ဖူးမြော်ကြည်ညိုသည့်နေရာသည် လူနှစ်ဦးသာ ဝင်ရပြီး ဖူးမြော်ကြည်ညိုရန်နေရာမှာ ကျဉ်းနေခြင်းကြောင့် နောက်မှဖူးမြော်သူများကို ငဲ့ညှာရခြင်းတို့ကြောင့် ဘုရားဖူးပြည်သူများ ဖူးမြော်မဝသော်လည်း အလျင်စလို ပြန်ထွက်ပေးကြရသည့်အပြင် ဓာတ်တော်သို့ ဝင်ရောက်မဖူးမြော်ရလျှင် လိုဏ်ဂူတော်သို့ မရောက်ဟုခံယူကြပြီး ဝင်ရောက်ဖူးမြော်ရလျှင် လိုအင်ဆန္ဒများပြည့်စုံ၍ လာရောက်ဖူးမြော်လေ့လာရကျိုးနပ်သည်ဟု ဘုရားဖူးပြည်သူများက ပြောကြားသည်။

ကော့ကသောင်လိုဏ်ဂူတော်သည် ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များကိန်းဝပ်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်များ၊ ဆင်းတုတော်များ၊ ရုပ်တော်မူ၊ လျောင်းတော်မူဘုရားအမျိုးမျိုးနှင့်မြတ်ဗုဒ္ဓ၏ဓာတ်တော်မွေတော်များကို ဖူးမြော်ကြည်ညိုနိုင်ပြီး ဂူနံရံ၏ထုံးကျောက်ပုံသဏ္ဌာန် အရောင်အမျိုးအစားနှင့် နံရံဆေးရေးပန်းချီကားချပ်တို့မှာ ခရီးသွားပြည်သူများနှင့် ဗဟုသုတလေ့လာလိုက်စားသူများကို အထူးဆွဲဆောင်လျက်ရှိသည်။ ကော့ကသောင်လိုဏ်ဂူ၏တောင်ထိပ်တွင် အောင်သိဒ္ဓိဆုတောင်းပြည့်စေတီတော်ကို တည်ထားပြီး ညဏ်တော်အမြင့်မှာ ကိုးတောင်ရှိ၍ ရှေးလူကြီးများက ကိုးတောင်ပြည့်စေတီဟု တင်စားခေါ်ဝေါ်ကြသည်။ ကိုးတောင်ပြည့်စေတီကို ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဒေသခံများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ လုပ်အားဒါနပြု၍ တောင်တက်လမ်းများ ဖောက်လုပ်ထားရှိကြောင်း သိရသည်။

ကရင်ပြည်နယ်ရှိ ဘုရားပွဲတော်များ ကျင်းပရာတွင် ကော့ကသောင်ဘုရားပွဲ၊ ကျောက်ကလပ်ဘုရားပွဲ၊ ကော့ဂွန်းဘုရားပွဲ၊ ရသေ့ပျံဘုရားပွဲ၊ ဆဒ္ဒန်ဂူဘုရားပွဲ၊ လွန်းညဘုရားပွဲတော်တို့မှာထင်ရှားပြီး ယင်းပွဲတော်များကို တစ်ရက်တစ်နေရာသာ ကျင်းပဆင်နွှဲလေ့ရှိကြောင်း သိရသည်။ ကော့ကသောင်လိုဏ်ဂူတော်နှင့်အတူ လွန်းညကျေးရွာရှိ လွန်းညစေတီနှင့်နတ်ရေတွင်းမှာ ထူးခြားလှသည်။ ကရင်ပြည်နယ်ရှိ ဒေသခံများနှင့် ခရီးသွားပြည်သူများမှာ နတ်ရေတွင်းရှိ နတ်ရေစင်ရေအေးချမ်းကို ဝင်ရောက်သောက်သုံးလေ့ရှိသည်။ နတ်ရေစင်ရေအေးကိုသောက်သုံးခြင်းဖြင့် စိတ်အေးချမ်းမှုရရှိပြီး ရောဂါဘယများကင်းဝေးသည်ဟု ယုံကြည်ကြသည်။ နတ်ရေတွင်း၏ ထူးခြားဖြစ်စဉ်များနှင့် သမိုင်းအထောက်အထားများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ပြည်တွင်းပြည်ပခရီးသွားများသည် ထင်ရှားကျော်ကြားလှသော သာမညဆရာတော် တည်ထားကိုးကွယ်သည့် သာမညကျေးရွာ မြစောညီနောင်ဘုရားသို့ သွားရောက်လေ့လာလည်ပတ်ဖူးမြော်လျက်ရှိပြီး ပြည်သူအများ စိတ်ဝင်စားသည့် ကရင်ပြည်နယ်ရှိ စိတ်ဝင်စားစရာကောင်းသော အကြောင်းအရာ တစ်စိတ်တစ်ဒေသကို ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

KMD
Quality Management System
ISO 9001:2008 ရရှိ
Software Engineering — Duration : 225 Hours
Software Industry တွင်ကျွမ်းကျင်သောပညာရှင် တစ်ဦးအဖြစ် ရပ်တည်နိုင်ရန် ...
C# for App & Web — Duration : 150 Hours
Microsoft .Net Framework Language တစ်ခုဖြစ်သော C# နှင့် SQL Server Object များအသုံးပြု၍ Windows, Web Application Projects များရေးသားနိုင်မည်ဖြစ်သည်။
Web Development with PHP — Duration : 70 Hours
Open Source Language ဖြစ်သည့် PHP ကိုအသုံးပြု၍ Web Application များရေးသားနိုင်ရန် နှင့် ပြည်တွင်း/ပြည်ပတွင် Web Developer အဖြစ် ရပ်တည်လုပ်ကိုင်နိုင်ရန် သင်ကြားပေးမည်။
အတန်းသစ်များလက်ခံပြီ။

နေရာကောင်းမြေညီထပ်တိုက်ခန်းအမြန်ရောင်းမည်
ကြည့်မြင်တိုင်၊ ကမ်းနားလမ်းမပေါ်၊ ဆင်မလိုက်
မှတ်တိုင်၊ တိုက်သစ်၊ ၁၂ပေခွဲ x ၄၅ပေ၊ (ထပ်ခိုးအပြည့်)
ပြင်ဆင်ပြီး၊ သိန်း-၁၄၀၀။ ဖုန်း - ၀၉ ၄၃၀ ၉၆၆၀၅



ဝင်းငြိမ်း
ဆင်နွှယ်နန်းတော်ပေါ်ကမင်းသမီး
အင်ဂျလီနားဂျိုလီ
ANGELINA JOLI

ပင့်လျှောက်လွှာပါဘုရား
နတ်မောက်မြို့၊ ဒီပင်္ကရာစာသင်တိုက်၊ ပဓာနနာယကဆရာတော်ဘဒ္ဒန္တဥတ္တရ၊ ဒုတိယနာယကဆရာတော်ဘဒ္ဒန္တဝါယမ၊ တတိယနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ မဟာထေရ်မြတ်တို့၏ ပဋ္ဌာန်းရွတ်ဖတ်ခြင်း (သို့) ပဋ္ဌာန်းပူဇော်ပွဲ၊ ဂုဏပူဇာနှင့်သံဃာဝါသသုံးထပ်ကျောင်း ရေစက်ချအလှူတော်မင်္ဂလာပွဲကို (၁၃၇၅ခုနှစ်၊ ကဆုန်လဆန်း၉ရက်)၊ ၁၈-၅-၂၀၁၃ ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဒီပင်္ကရာတိုက်ထွက် ရပ်ဝေးရပ်နီး တပည့်ကြီးငယ်အားလုံးအနေဖြင့် ပင့်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ (၁၃၇၅ခုနှစ်၊ ကဆုန်လဆန်း၈ရက်) ၁၇-၅-၂၀၁၃ရက်(သောကြာနေ့) အရောက်ဒီပင်္ကရာစာသင်တိုက်သို့ ကြွရောက်တော်မူကြပါရန် ရိုသေစွာပင့်လျှောက်အပ်ပါသည်ဘုရား။
အကျိုးတော်ဆောင်အဖွဲ့
ဒီပင်္ကရာစာသင်တိုက်၊ နတ်မောက်မြို့။
ဖုန်း၀၆၃- ၆၉၄၇၀၊၀၉-၄၂၁၀၅၆၂၁၅၅

UV Blocked
UV ကာကွယ်သော

Farmer Auto ၏ မေလ အထူးဈေးရောင်းပွဲတော်
"ကျွန်တော် အစားအသောက်စားမယ်ဆိုရင် လူများပြီးရောင်းကောင်းတဲ့ဆိုင်ကို ရွေးချယ်ပြီး စားလေ့ရှိတယ်။ စားသုံးသူများတယ်ဆိုတာ တစ်ခုခုကောင်းတာ သေချာလို့ ဘဲဖြစ်မယ်။"
"မော်တော်ကားဝယ်မယ်ဆိုလဲ ရောင်းအကောင်းဆုံး ကားအရောင်းပြခန်းကို သွားရောက်ဝယ်ယူမှာဖြစ်တယ်။"
(၁)-အမှတ်(၆၄)၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်၊ဖုန်း-၅၄၂၅၄၄၊၅၄၆၃၅၅၊
(၂)-အမှတ်(၁၉)၊ပြည်လမ်း(Ocean Centerရှေ့)၊ရန်ကုန်၊ဖုန်း-၆၆၁၅၈၈၊၀၉-၇၃၂၈၂၄၃၈၊
(၃)-အမှတ်(၅)၊အထက်ပုဇွန်တောင်လမ်းမ(မလွှကုန်းဘုတာရှေ့)၊ရန်ကုန် ။ဖုန်း-၀၉- ၇၃၄၉၁၀၁၇၊
Web site-www.farmerautos.com , Email-fpy.auto@gmail.com

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
တ/ဥက္ကလာပ၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်းမကြီးဘေး
အရှေ့ဘက်လှည့်၊ အင်းဝမှတ်တိုင်အနီး
ပေ(၄၁×၆၀)၊ (ပွဲစားမလို)
မြေနှင့်တိုက်၊ ရေ၊ မီး၊ ကြိုးဖုန်းပါသည်။
ဖုန်း-၀၁-၉၆၉၉၇၁၁၊ ၀၁-၉၆၉၀၁၂၃၊ ၀၉၄၅၀၀၀၁၉၈၆

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
၁။ မ/ဒဂုံ၊ ၄၆ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ ထောင့်ကွက် ပေ(၄၀×၆၀)၊ RC 1 ထပ်၊ အိပ်ခန်း(၃)ခန်း၊ အဝီစိ၊ ရေ မီး ၊ ဂရန်အမည်ပေါက် (သိန်း ၁၇၀၀)
၂။ အရှေ့ဒဂုံ၊ ဗိုလ်မှူးဗထူးလမ်းမ၊ (၆)ရပ်ကွက်၊ ပေ(၄၀×၆၀)၊ ပါမစ်၊ စည်းရိုးခတ်ပြီး၊ (သိန်း ၁၄၀၀)
၃။ Green Lake Condo 1690 Sqft
7 လွှာ 'C' Type, Master Bath Room 1
Bath Room 2 ပြင်ဆင်ပြီး(သိန်း ၄၀၀၀)
ဆက်သွယ်ရန်ဖုန်း-၀၁-၂၁၄၉၂၁၊ ၀၉၅၀၁၀၈၈၃

ဆောင်းပါး

# အုပ်ချုပ်ရေးမဏ္ဍိုင်၏ အခြေခံအုတ်မြစ်

ပြည်သူတစ်ဦး

အစကောင်းမှ အနှောင်းသေချာဟူသော မြန်မာဆိုရိုးစကားအတိုင်း ဒီမိုကရေစီနိုင်ငံတော်သစ်အား စတင်ပြောင်းလဲထူထောင်နေစဉ်ကာလတွင် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားလုပ်ငန်းစဉ်အား ယခင်ကကျင့်သုံးခဲ့သည့် ဗဟိုမှ အောက်ခြေသို့ အဆင့်ဆင့်အုပ်ချုပ်ဆောင်ရွက်စေသည့် (Top Down) စနစ်မှ ယခုအခါ အောက်ခြေမှအစပြု၍ အထက်သို့ အဆင့်ဆင့်လေ့လာတင်ပြရသော (Bottom Up) စနစ်သို့ ပြောင်းလဲကျင့်သုံးနေသကဲ့သို့ အခြားနယ်ပယ်ကဏ္ဍအသီးသီးကိုလည်း ပြည်သူဗဟိုပြု (People Centred) စနစ်သို့ စတင်ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်အား တည်ဆောက်ရာတွင် အဓိကကျသော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်သည် ပြောင်းလဲကျင့်သုံးနေသည့်စနစ်လမ်းစဉ်အတိုင်း တစ်ပါတည်းလိုက်ပါပြောင်းလဲနိုင်အောင် ခေတ်နောက်ကျကျန်မှု၊ လစ်ဟာမှုမရှိစေဘဲ အချိတ်အဆက်မိမိ ခေတ်နှင့်လျော်ညီ၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်လည်း သွေဖည်မှုမရှိဘဲ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့်အပြင် တစ်မျိုးသားလုံးအကျိုးစီးပွားအတွက်ပါ ခိုင်မာသည့် မဏ္ဍိုင်ကြီးသုံးရပ် ပေါ်ထွန်းလာမည့်အရေးအား ပြည်သူများမှ လိုလားတောင့်တစွာ မျှော်လင့်စောင့်စားနေမည်ဖြစ်ပသည်။

ကမ္ဘာပေါ်ရှိ သန်း ၇၀၀၀ ကျော်သော ပြည်သူများ မှီတင်းနေထိုင်ရာ နိုင်ငံအသီးသီးတွင် လူမျိုးကွဲပြား၊ ဘာသာနှင့်ယဉ်ကျေးမှုမတူ၊ ဓလေ့ထုံးတမ်းကိုက်ညီမှုမရှိ၊ တစ်သမတ်တည်းမရှိသော ပညာအရည်အချင်း၊ အမျိုးမျိုးသော အယူဝါဒနှင့် အယူအဆများစွဲကိုင်ထားသော လူပုဂ္ဂိုလ်များအား သက်ဆိုင်ရာနိုင်ငံတွင် ခံယူကျင့်သုံးနေသော စနစ်လမ်းစဉ် ဖြစ်ပေါ်ထွန်းကားနေသော ဘာသာ အယူဝါဒဓလေ့ထုံးတမ်းများနှင့်အညီ ဥပဒေပြုရေးဆွဲထားသော စည်းမျဉ်း၊ စည်းကမ်း (Rule & Regulation)နှင့်အညီ တည်ငြိမ်အေးချမ်းစွာ လူ့သက်တမ်းစေ့နေထိုင်သွားနိုင်ရန်အတွက် နိုင်ငံတိုင်းမှ နိုင်ငံ့ခေါင်းဆောင်များနှင့် "ညီညွတ်မျှတသော အုပ်ချုပ်ရေးမဏ္ဍိုင်"ဖြစ်ရန် အကောင်အထည်ဖော်ရသော အဆင့်ဆင့်သော တာဝန်ရှိသူများအနေဖြင့် စွမ်းစွမ်းတမံ အပတ်တကုတ်ကြိုးစားဆောင်ရွက်မြဲပင်ဖြစ်ပါသည်။

အုပ်ချုပ်ရေးမဏ္ဍိုင်သည် နိုင်ငံတိုင်းရှိ အစိုးရအဖွဲ့တိုင်း၏ အသက်သွေးကြောတမျှ အရေးပါသောကဏ္ဍတွင် တည်ရှိနေသကဲ့သို့ အခြားနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသော နည်းပယ်ကဏ္ဍစုံအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရှိ ဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်လည်း မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီစနစ် စတင်ပြောင်းလဲကျင့်သုံးနေမှုမှာ အာဆီယံ၊ ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအကြား ယုံကြည်မှုရရှိစေရန် ဆောင်ရွက်နေခြင်းမျိုးသက်သက် မဟုတ်ဘဲ ပြည်သူလူထုဘဝ အမှန်တကယ်တည်ငြိမ်အေးချမ်းပြီး "လူနေမှုဘဝပါ တိုးတက်မြင့်မား"လာစေမည့် အစီအမံများ၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းကြောင့် လက်ရှိပစ္စုပ္ပန်ပြောင်းလဲမှုများ၏ အသီးအပွင့်များအား စတင်ခူးဆွတ်ခံစားနေရပြီကို ပြည်သူများပင် သိရှိစပြုလာပြီဖြစ်ပါသည်။

အခြေခံအကျဆုံးသော အုပ်ချုပ်ရေးအရာရှိ (The Most Fundamental Level Administration Officials) ဟု သတ်မှတ်နိုင်သော ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ (Ward & Village Administrators) များမှာ ပြည်သူ့အကျိုး ထာဝရသယ်ပိုးနိုင်မည့် အခြေခံအုတ်မြစ်ကောင်းများကို ချပေးနိုင်ပြီး အုပ်ချုပ်မှုယန္တရားအား ဟန်ချက်ညီညီ မှန်ကန်စွာ လည်ပတ်နိုင်ရန် အခရာကျသော (Key Player) များဖြစ်ပါသည်။

ဖော်ပြပါ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ (Ward & Village Administrators) အား ပြောင်းလဲကျင့်သုံးလာသော ဒီမိုကရေစီလမ်းစဉ်နှင့်အညီ ပြည်သူလူထုမှ တိုက်ရိုက်ပြောင်မဲပေးစနစ် (Open Vote System) ဖြင့် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရွေးချယ်တင်မြှောက်ပြီး ဖြစ်ပါသဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် လိုအပ်သော ပြည်သူလူထု၏ အခြေခံအကျဆုံး လိုအပ်ချက်များမှအစ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အဆင့်စီမံကိန်းများ အဆုံး ဆောင်ရွက်နေမှုများကို ရွေးချယ်ခံပြည်သူ့ကိုယ်စားလှယ် (Elected Representative) များပီပီ တာဝန်သိမှု တာဝန်ယူတတ်မှုများကို အခြေခံ၍ တာဝန်ကျေအောင်ဆောင်ရွက်နိုင်သော ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်အား အဘက်ဘက်မှ တိုးတက်အောင်အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် အဓိကလိုအပ်လျက်ရှိသော နယ်ပယ်ကဏ္ဍစုံမှ တိကျမှန်ကန်သော အချက်အလက်များ ကောက်ယူစုဆောင်းခြင်း (Accurate Data Collection) ကိစ္စရပ်များ အကောင်အထည်ဖော်ရန် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် ပုံမှန်တာဝန်ကျေဆောင်ရွက်ရုံတင်မဟုတ်ဘဲ "တာဝန်သိမှု တာဝန်ယူတတ်မှု" ဟူသော ဒီမိုကရေစီလမ်းစဉ်၏ အခြေခံအချက်များအား နှလုံးသွင်း၍ စွမ်းစွမ်းတမံဆောင်ရွက်သွားသင့်သည်ဟု ထင်မြင်မိပါသည်။

ဤကဲ့သို့ ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်နှင့် ဦးစားပေးပြုလုပ်သွားရမည့် ကိစ္စရေးရာများအား အသိသတိနှင့်ယှဉ်၍ အမှားအယွင်း အဖိတ်အစဉ်နည်းအောင် ဆောင်ရွက်နိုင်မည့်အပြင် တစ်မျိုးသားလုံးအကျိုးဖြစ်ထွန်းစေမည့် အနာဂတ်ဆောင်ရွက်မည့်လုပ်ငန်းများ (Future Plan)ကို မူဘောင် (Frame Work) လုပ်ငန်းစဉ် (Action Plan) များ စနစ်တကျ ချမှတ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား လစာငွေချီးမြှင့်ခြင်း၊ ရုံးအသုံးစရိတ်များ ထောက်ပံ့သည့်အပြင် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံသည့်အခါ အမှားအယွင်းနည်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ "အောင်အောင်မြင်မြင်" ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းများအားလည်း ခေါ်ယူသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရှိရပါသည်။

ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ စွမ်းဆောင်ရည်များကို မကြာမီ နိုင်ငံတော်အဆင့် စီမံကိန်းတစ်ခုဖြစ်သော လာမည့် ၂၀၁၄ ခုနှစ်တွင် ပြုလုပ်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ခံပွဲတွင် ပြသနိုင်တော့မည်ဖြစ်ပါသည်။ ဖော်ပြပါ သန်းခေါင်စာရင်းကောက်ခံပွဲတွင် တိကျမှန်ကန်သော လူဦးရေစာရင်းကောက်ခံရရှိအောင် စနစ်ကျပြီး တာဝန်သိသိ ပူးပေါင်းပါဝင်ကူညီမှုလိုအပ်မည်ဖြစ်သကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားနည်းပါက တိကျမှန်ကန်သော သန်းခေါင်စာရင်းများ ရရှိနိုင်မည်မဟုတ်ပါ။

နိုင်ငံတော်၏ စီးပွားရေးအတွက် အဓိကကျသော ဘဏ္ဍာအခွန်များ စည်းကြပ်ကောက်ခံရာတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖွဲ့စည်းတာဝန်ပေးထားသည့် မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်ရှိ အဆင့်ဆင့်သော အမှုထမ်း၊ အရာထမ်းအင်အားဖြင့် မည်သို့ပင်အခွန်ထမ်းများအား ဆက်သွယ်ကွင်းဆင်းစည်းကြပ်စေကာမူ အောင်မြင်မှုရာခိုင်နှုန်း လွန်စွာနည်းပါးနေသည်ကို သိရှိတွေ့မြင်နေရသောကြောင့် ရာနှုန်းပြည့်နည်းပါး "နိုင်ငံတော်အတွက် အခွန်စည်းကြပ်နိုင်ရန် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများမှ တာဝန်သိသိဖြင့် ပြည့်ပြည့်ဝဝ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်"ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးများအနေဖြင့် "အတိတ်၏ သင်ခန်းစာများသည် အနာဂတ်တွင် အကောင်းဆုံးပုံဖော်ထုဆစ်နိုင်ရန် နည်းပေးလမ်းပြ ဆရာကောင်းများဖြစ်ပေသည်"ဟူသော ဆောင်ပုဒ်ကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ၊ ပြည်သူလူထုအပေါ် မျှတသော တရားစီရင်မှုများ ဖြစ်ပေါ်ထွန်းကားရေး၊ မှုခင်းကြိုတင်တားဆီးရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ ဖော်ထုတ်အရေးယူရေးနှင့် နိုင်ငံတော်မှ စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်နေသော ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးကိစ္စများနှင့် လူမှုဘဝတိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများတွင် လည်းကောင်း၊ လိုအပ်ချက်အရ အလုပ်သမားရေးရာကိစ္စများနှင့်ပတ်သက်၍ တိကျမှန်ကန်သော စာရင်းများကောက်ယူစုဆောင်းခြင်းများ ပြုလုပ်သည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် စနစ်တကျဟာကွက်မရှိ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ယခင် ၁၀ စုနှစ်အနည်းငယ်အတွင်းက တာဝန်ထမ်းဆောင်ခဲ့သူများကဲ့သို့ ည ၇ နာရီမှ ရုံးခန်းဖွင့် ဧည့်စာရင်းပုံစံရောင်း၊ ထောက်ခံစာပြုလုပ်ပေးသည့် အလုပ်လောက်သာ လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းဖြင့် "ပြီးမြောက်လုံလောက်တော့မည်" မဟုတ်ဘဲ ပြည်သူလူထုမှ ယခုရွေးချယ်တင်မြှောက်ထားသော အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူလူထု၏ မည်သည့်အခြေခံလိုအပ်ချက်မဆို အလေးထားစောင့်ကြည့်လေ့လာ၍ မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားရမည့်ခေတ်ကာလ ရောက်ရှိနေပြီဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးများအနေဖြင့် အသွင်ကူးပြောင်းရေးကာလ (Transition Period)တွင် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ညီညွတ်မျှတစွာ လုပ်ကိုင်ဆောင်ရွက်နိုင်မှုမရှိသည့်အပြင် လုပ်ထုံးလုပ်နည်းပါ လွဲမှားပါက အုပ်ချုပ်ရေးမဏ္ဍိုင်အား ထိခိုက်နစ်နာစေမည့်အပြင် နိုင်ငံတော်အပေါ် ပြည်သူလူထုအယုံအကြည်ကင်းမဲ့စေမှုများပါ ဖြစ်ပေါ်လာနိုင်ပါသည်။

နိုင်ငံတော်အနေဖြင့် အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစဉ်များ အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးနေရသော ဆယ်အိမ်မှူး၊ လမ်းမှူး၊ ရာအိမ်မှူးအစရှိသော အဆင့်ဆင့်သော တာဝန်ထမ်းဆောင်သူများအတွက်ပါ လိုအပ်သော အထောက်အပံ့များအား ပံ့ပိုးပေးပါက ရပ်ကွက်/ကျေးရွာအဆင့်လုပ်ငန်းစဉ်များ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည့်အပြင် ယခုထက် ပိုမိုပြီး လုပ်ထုံးလုပ်နည်းများကို သိရှိကျွမ်းကျင်ပြီး ရပ်ကွက်/ကျေးရွာရှိ ပြည်သူလူထုအကျိုးမှအစပြု၍ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သော "ပြည်သူ့အကျိုးပြု" အုပ်ချုပ်ရေးမဏ္ဍိုင် တည်တံ့ခိုင်မာစေရန် ကောင်းမွန်သော အခြေခံအုတ်မြစ်ချပေးနိုင်မည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပေါ်ထွန်းလာအောင် "အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာသင်တန်းများ"အား ထပ်မံစီစဉ်ပို့ချပေးသင့်ပါကြောင်း မွန်မြတ်သော စိတ်စေတနာဖြင့် အပြုသဘောဆောင်ရေးသားတင်ပြအပ်ပါသည်။ ။

FAME
ထိကရုန်းလေးလို အိပ်စေမည့်
သဘာဝအိပ်ဆေး
HerbalSleep®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
စိတ်ဓာတ်တက်ကြွ လန်းဆန်းရှိ
စွဲမြဲသောက်ပေး ... စိတ်မြင့်ဆေး
HerbalFresh®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

နိုင်ငံတကာအစားအစာများပြင်ဆင်/ချက်ပြုတ်ခြင်းအတတ်ပညာသင်တန်း
Image Training Centre

"နန်းကြီးသုတ်"
ကောင်းကောင်း သုံးဆောင်လိုသူများအတွက် ...
KEYSTONE
TEA . COFFEE . NOODLES.
ဆိုင်(၁) နေပြည်တော်
☎ : (067) 4-222-78 6 am to 6 pm
ဆိုင်(၂) - Junction Nay Pyi Taw
နေပြည်တော်
☎ :(067) 421617 ext-101 10 am to 9 pm

ရွှေပလ္လင်
TEA. COFFEE. NOODLES.
"နံရိုးပေါင်းကော်ရည်"
အရမ်းကောင်းဆိုပဲ!
တွေ့ကြရအောင် "ရွှေပလ္လင်" မှာ . . .
ဆိုင်(၁) ဟိုတယ်ဇော်တိကာ 538736, 527850
ဆိုင်(၂) Ocean (North Point)
ဆိုင်(၃) Junction - 8
ဆိုင်(၄) Junction - Square
ဆိုင်(၅) Junction - Maw Tin

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲ၌ **ဦးအောင်ကိုဝင်း** (ဥက္ကဋ္ဌ-ကမ္ဘောဇဘဏ်လီမိတက်)သည် (နိုင်ငံတော်အခွန်ဘဏ္ဍာ တာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆု)ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း နိုင်ငံ့အကျိုးအတွက် ဆက်လက်စွမ်းဆောင်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များ**

**Asia Myanmar Consortium Development Co.,Ltd.**

**Cambridge** တက္ကသိုလ်အသိအမှတ်ပြုလက်မှတ်ရ **instructor** များနှင့် **Cambridge** တက္ကသိုလ်၏ နည်းစနစ်အတိုင်း အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသူများအတွက်

GETC building a better future

Opening in May

**Foundation English Program**

( 4 Skills + Grammar & Vocabulary )

Basic English · Communicative English · IELTS Foundation

ဖြေမိုက်ဖုန်း 537895,502775,530097 www.getc-languageschool.com

**ရန်ကုန်-ပဲခူးလမ်းမကြီးဘေးမြေကွက်ကျယ်ရောင်းရန်**

ရန်ကုန်-ပဲခူးလမ်းမကြီးပေါ် ပဲခူးမြို့ Toll Gate အနီး လ/န (၃၉) ရချိုပြီး မြေကွက်ကျယ် (၆) ဧက နီးပါးရောင်းမည်။

ရုံးချိန်အတွင်းဆက်သွယ်ပါရန်- ၀၉-၅၁၀၂၂၅၂၅၊ ၀၉-၅၁၀၄၃၃၈

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်အမှတ် ကက-၁၃/၀၉/၀၀၃

**N-3** ကိုယ်ပိုင်အထက်တန်းကျောင်း

တိုးတက်ပြောင်းလဲလာသော ပညာရေးစနစ်သစ်ကို မျက်ခြေမပြတ် လေ့လာနေသည့် မိဘများနှင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား/ကျောင်းသူအားလုံး ယုံကြည်စိတ်ချစွာ အပ်နှံနိုင်ရန် **N-3** မှ ကြိုဆိုလိုက်ပါသည်။

**အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်အထူးသင်တန်းကျောင်းကြီး**

**( ၅ ) တန်းမှ ( ၁၀ ) တန်းအထိ**

- ဦးညဏ်လွင် (ရူပဗေဒ)
- ဦးညီညီ (ဓါတုဗေဒ)
- ဒေါက်တာဇော် (ဇီဝဗေဒ)

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေရာကောင်းရရန် ယခုမှစ၍ လာရောက်လေ့လာစုံစမ်းအပ်နှံနိုင်ပါပြီ။

ကိုယ်တိုင်သင်ကြားတည်ထောင်၍ တာဝန်ယူစီစဉ်ဖွင့်လှစ်လိုက်သည်။

ကျောင်းတည်နေရာ-
အမှတ်(၂၀/A)။(ဓ)တောင်ရပ်ကွက်ရွှေလယ်လမ်း၊ သင်္ဃန်းကျွန်း။ ဖုန်း-၀၁-[illegible]
[illegible]/ သုနန္ဒာလမ်း၊ သုမင်္ဂလာလုံးချင်းအိမ်ရာ၊ သင်္ဃန်းကျွန်း။ ဖုန်း-၀၁-၅၇၃၇၁၃၄၊ ၀၁-၅၇၃၇၇၉၁၊
လေးဒေါင့်ကန်လမ်းမကြီး၊ ရွှေအသန် နှင့် ဖက်ယင်းအိုင်ကျောင်းတိုက်အနီး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|
| ၁၁/မမ/ဝန်ကြီးရုံး (2013-2014) | ရထားပို့ဆောင်ရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၂၉) နေပြည်တော်တွင် Network Cable ဖြင့် Local Area Network တည်ဆောက်ရန် |

တင်ဒါပိတ်မည့်နေ့/အချိန် -၂၇ - ၅ - ၂၀၁၃(တနင်္လာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၆ - ၅ - ၂၀၁၃ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ဆောက်လုပ်ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -294352, 291994.

## ဝန်ထမ်းအလိုရှိသည်။

(ပြည်တွင်း၌သာခန့်ထားရန်။)

T.T.O Trading Co., Ltd. (Denk Pharma, Walmark) တွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများလိုအပ်လျက်ရှိပါသည်။

**(၁) ဆေးအရောင်းမြှင့်တင်ရေး ကျား/မ (၁၀)ဦး**
- ဘွဲ့ရပြီးဖြစ်ရမည်။

အတွေ့အကြုံရှိသူ၊ ဆေးဝါးဘွဲ့တစ်ခုခုရရှိထားသူကို ဦးစားပေးစဉ်းစားပါမည်။

**(၂) ပစ္စည်းဖြန့်ချိရေး ကျား (၅)ဦး**
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရပါမည်။
- အသက် (၂၅) နှစ်အောက်ဖြစ်ရပါမည်။

စိတ်ပါဝင်စားသူများ ဖော်ပြထားသောလိပ်စာအတိုင်း ၆လ အတွင်းရိုက်ထားသောဓါတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ နှင့် ၂ပတ်အတွင်းလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**T.T.O Trading Co., Ltd.**
အမှတ် ၁၀၀၇-၁၀၀၈၊ ၁၀လွှာ၊ ယုဇနတာဝါ၊
ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
ဖုန်း-၅၅၉၅၁၈၊ ၅၅၂၃၂၀

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရှိ တက္ကသိုလ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁ | မြိတ်တက္ကသိုလ်၊ ပါမောက္ခနေအိမ်(၃)လုံး(၅၀' ၉"×၃၅')(၁)ထပ် RCCတည်ဆောက်ခြင်း |
| ၂ | မြိတ်တက္ကသိုလ်၊ (၈)ခန်းတွဲ(၂)ထပ် RCCဝန်ထမ်း နေအိမ်(၁)လုံး (၁၀၀'×၃၅') တည်ဆောက်ခြင်း |
| ၃ | ထားဝယ်တက္ကသိုလ်၊ (၂)ခန်းတွဲ နေအိမ်အမှတ်(၄၊၅)(၄၀'×၃၂') (၁)ထပ် RCC(၂)လုံး တည်ဆောက်ခြင်း |
| ၄ | ထားဝယ်တက္ကသိုလ်၊ ရွှေဝယ်သီရိလမ်းမကြီးအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ရေပိုက်ကတ္တရာလောင်းခြင်း(၂၉၄၀') |
| ၅ | ထားဝယ်တက္ကသိုလ်၊ (၈)ခန်းတွဲ (၂)ထပ် RCCဆရာ၊ ဆရာမများ အိမ်ရာ(၈၀'×၂၅'×၂၂') တည်ဆောက်ခြင်း(ရေမီးအပါအဝင်) |
| ၆ | ထားဝယ်တက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၅'×၁၁၇'×၃၅')အကြီးစားမွမ်းမံပြင်ဆင်ခြင်း |
| ၇ | ပဲခူးတက္ကသိုလ်၊ မိုးလုံလေလုံအားကစားခန်းမ(၁၂၀'×၉၀'×၂၉') (၁)လုံး တည်ဆောက်ခြင်း |
| ၈ | ပဲခူးတက္ကသိုလ်၊ ကျောင်းသား၊ကျောင်းသူ နားနေခန်း(၄၄'×၄၄')(RCC)တည်ဆောက်ခြင်း (၂)လုံး |
| ၉ | ပဲခူးတက္ကသိုလ်၊ (၄)ခန်းတွဲ(၂၀'×၁၂')သန့်စင်ခန်း(၂)လုံး တည်ဆောက်ခြင်း |
| ၁၀ | ပဲခူးတက္ကသိုလ်၊ ရှင်စောပုဆောင်(၁) (၂)ထပ် RCC စာသင်ဆောင် (၁၁၂'×၃၅')ပြုပြင်ခြင်း |
| ၁၁ | ပဲခူးတက္ကသိုလ်၊ ရှင်စောပုဆောင်(၂) (၁)ထပ် စာသင်ဆောင် (၈၅'×၃၂')ပြုပြင်ခြင်း |
| ၁၂ | ပဲခူးတက္ကသိုလ်၊ ရှင်စောပုဆောင်(၃) (၁)ထပ် စာသင်ဆောင် (၈၅'×၃၂')ပြုပြင်ခြင်း |
| ၁၃ | ပဲခူးတက္ကသိုလ်၊ Chain Link ခြံစည်းရိုးကာရန်ခြင်း (၃၅၅၃') |
| ၁၄ | ပဲခူးတက္ကသိုလ်၊ စာကြည့်တိုက်ဆက်လက် ဆောက်လုပ်ခြင်း(၃)ထပ် RCC (၃၀၀'×၄၀') |
| ၁၅ | တောင်ငူတက္ကသိုလ်၊ ပင်မဆောင်(၂၅၆'×၂၄၆') (၃)ထပ် RCC (၁)လုံး တည်ဆောက်ခြင်း |
| ၁၆ | တောင်ငူတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉')(၁)လုံး ရေမီး အပါအဝင် |
| ၁၇ | ပြည်တက္ကသိုလ်၊ (၆)ခန်းတွဲအိမ်ရာ၊ အုတ်တိုက်၊ (၁)ထပ်(၂)လုံး (၃၀'×၆၀')တည်ဆောက်ခြင်း |
| ၁၈ | ပြည်တက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉')(၁)လုံး ရေမီး အပါအဝင် |
| ၁၉ | မော်လမြိုင်တက္ကသိုလ်၊ စားသောက်ဆိုင်အဆောက်အအုံ(၁၁၀'၆"×၅၀') (၁)လုံး တည်ဆောက်ခြင်း |
| ၂၀ | ရန်ကုန်တက္ကသိုလ်၊ သိပ္ပံဆောင်(၂)ထပ် အကြီးစားပြုပြင်မွမ်းမံခြင်း(၂၂၁၀'×၄၂')ရေမီး အပါအဝင် |
| ၂၁။ | ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာဆောင်(၂)ထပ် အကြီးစားပြုပြင်မွမ်းမံခြင်း(၂၂၁၀'×၄၂')ရေမီး အပါအဝင် |
| ၂၂ | ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၉၀'×၁၂၀'×၂၉') (၁)လုံး |
| ၂၃ | ရန်ကုန်ပညာရေးတက္ကသိုလ်၊ဘက်စုံသုံး(Multimedia Learning Hub Building)(၂)ထပ်ဆောင် RCC (၁၀၀'×၁၂၀')ဆောက်လုပ်ခြင်း (ရေမီးအပါအဝင်) |
| ၂၄ | ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဂိတ်(၁)အဝင်လမ်း၊ (၁၉၅'×၂၆') ပင်မဆောင်ရှေ့လမ်း (၁၁၆၆'×၂၄') အလယ်လမ်း (၈၅၀'×၂၃')သုတေသနလမ်း (၆၅၄'×၁၆') နိုင်လွန်ကတ္တရာလမ်းခင်းခြင်း |
| ၂၅ | ဒဂုံတက္ကသိုလ်အခန်း(၄၀)ပါ၊ (၄)ထပ်စာကြည့်တိုက် E Shape သံကူကွန်ကရစ်(၁)လုံး ဆောက်လုပ်ခြင်း(၂၀၀'×၁၀၀') |
| ၂၆ | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် The centre of excellence in Myanmar Language for foreigner အဆောက်အအုံ RCC (၄)ထပ်တည်ဆောက်ခြင်း (ရေမီးအပါအဝင်) |
| ၂၇ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး (၁၀၀'×၃၀')အုတ်တိုက် တည်ဆောက်ခြင်း (ရေမီးအပါအဝင်) |
| ၂၈ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉')(၁)လုံး ရေမီး အပါအဝင် |
| ၂၉ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(၈)ခန်းတွဲဝန်ထမ်းအိမ်ရာ(၈၈'×၃၀') (၂)လုံးတည်ဆောက်ခြင်း |
| ၃၀ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ခြင်း (အုတ်တိုက်) |
| ၃၁ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်(၃)ထပ်စာသင်ဆောင်(၁)လုံး တည်ဆောက်ခြင်း(၁၈၈'×၄၈') |
| ၃၂ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၇၂'×၁၂၀')(၁)လုံးတည်ဆောက်ခြင်း |
| ၃၃ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၅)ခန်းတွဲစားသောက်ဆိုင်တန်း(RCC) (၁၂၀'×၃၀')(၁)လုံးတည်ဆောက်ခြင်း (ရေမီးအပါအဝင်) |
| ၃၄ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ပင်မဆောင် A-Block(Super structure) (၅၁၆'×၄၈') တည်ဆောက်ခြင်း(ရေမီးအပါအဝင်) |
| ၃၅ | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ အုတ်ညှပ်(၁)ထပ်ဂိုဒေါင်အဟောင်းအား မိုးလုံလေလုံအားကစားရုံအဖြစ် ပြင်ဆင်ဆောက်လုပ်ခြင်း(၄၅'×၁၂၀')(အမိုး Steel Structure) |
| ၃၆ | ပုသိမ်တက္ကသိုလ်၊ သုံးထပ်စာသင်ဆောင်သွားလမ်း (၁၅၀၀၀'×၁၄'×၈")တည်ဆောက်ခြင်း |
| ၃၇ | ပုသိမ်တက္ကသိုလ်၊ ဆောက်လုပ်ဆဲ ဘွဲ့နှင်းသဘင်ခန်းမအား အပြီးသတ်ဆက်လက် ဆောက်လုပ်ခြင်း |
| ၃၈ | ဟင်္သာတတက္ကသိုလ်၊ ပင်မ(၄)ထပ်ဆောင်(၃၅၁. ၅'×၆၀') RCC (၁)လုံးတည်ဆောက်ခြင်း |
| ၃၉ | ဟင်္သာတတက္ကသိုလ် (၃)ထပ်စာသင်ဆောင်(၂)ဆောင်ရှေ့ ကွန်ကရစ်လမ်းခင်းခြင်းနှင့် Culvert (၃)စင်းတည်ဆောက်ခြင်း |
| ၄၀ | ဟင်္သာတတက္ကသိုလ်၊ ဆရာမများဆောင်ရှေ့သံကူကွန်ကရစ်တံတား(၁၈'×၁၀')တည်ဆောက်ခြင်း |
| ၄၁ | ဟင်္သာတတက္ကသိုလ်၊ မျက်နှာစာခြံစည်းရိုး၊ အောက်ခြေအုတ်နံရံအား ကျပန်းကျောက်စီကာရံပေးခြင်း(၂၆၀၀'×၄') |
| ၄၂ | မအူပင်တက္ကသိုလ်၊ ပင်မဆောင်အနောက်ဘက်ဝင်းပတ်လမ်း(ရေစင်ရှေ့လမ်း) သံကူကွန်ကရစ်ကားပတ်လမ်း (၇၂၀'×၁၄'×၈")ဖောက်ခြင်း |
| ၄၃ | မအူပင်တက္ကသိုလ် ဆရာမများ ဆောင်(အေ၊ဘီ)ဆောင်မှ ပင်မဆောင်သို့သွားသော လမ်းကူးသံကူကွန်ကရစ် ကားလမ်း (၆၆၀'×၂၁')ဖောက်ခြင်းနှင့် RCC တံတား(၁)စင်း တည်ဆောက်ခြင်း |
| ၄၄ | မအူပင်တက္ကသိုလ်၊ တန်ဖိုးနည်းအိမ်ရာ(၅)လုံး အကြီးစားပြုပြင်မွမ်းမံခြင်း |
| ၄၅ | မအူပင်တက္ကသိုလ် စက်ဘီးရုံအမှတ်(၁)နှင့်(၂) အဆောက်အအုံအား ကားများထားနိုင်ရန် ကားဂိုဒေါင်ပြုလုပ်ခြင်း |
| ၄၆ | မအူပင်တက္ကသိုလ်၊ စာသင်ဆောင် H နှင့် F အဆောက်ကြားလမ်းဘေး၊ အုတ်ရေမြောင်း (၂၀၁၀'×၃'×၂')ဖောက်လုပ်ခြင်း |
| ၄၇ | မအူပင်တက္ကသိုလ်၊ ပင်မဆောင်တွင် (၁၁/၀. ၄)ကေဗွီ၅၀၀KVA ထရန်စဖော်မာနှင့်(၁၁) ကေဗွီလိုင်း(၁၈၀၀)ပေ တည်ဆောက်ခြင်း |
| ၄၈ | အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရုံးချုပ်၊ နိုင်ငံခြားကျောင်းသားဆောင်(၂)ထပ် (နရဏီဆောင်) (၁၄၀'×၃၅')အကြီးစားပြုပြင်မွမ်းမံခြင်း |
| ၄၉ | အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရုံးချုပ်၊ နိုင်ငံခြားကျောင်းသူဆောင်(၂)ထပ်၊ (သီတာဆောင်) (၁၄၀'×၃၅')အကြီးစားပြုပြင်မွမ်းမံခြင်း |
| ၅၀ | အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရုံးချုပ်၊ ပါမောက္ခ(၂)ထပ်နေအိမ်(၇)လုံး အကြီးစားပြုပြင်မွမ်းမံခြင်း |
| ၅၁ | အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရုံးချုပ်၊ တက္ကသိုလ်များ တင်းနစ်ကွင်း ပတ်ဝန်းကျင် (၄)ခန်းတွဲ တိုက်(၆)လုံး အကြီးစားပြုပြင်မွမ်းမံခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၆-၅-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၅-၂၀၁၃ရက်၊ ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး တစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့် တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆောင်(၁)၊ ပထမထပ်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဤဦးစီးဌာန၊ အင်ဂျင်နီယာဌာနတွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၅၀၂၂၅၇၊ ၀၁-၅၃၉၄၃၇၊ ၀၁-၅၀၄၇၅၅သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)**

# စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနပိုင် MT ရွှေပြည်ရေယာဉ် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၅-၂၀၁၃ ရက်မှ ၂၀-၅-၂၀၁၃ ရက်ထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၂၁-၅-၂၀၁၃ ရက် (အင်္ဂါနေ့)
အချိန်နှင့်နေရာ - ၁၂ နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန် - ၂၁-၅-၂၀၁၃ ရက်၊ ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**

**ပျောက်ဆုံးခြင်း**

မလွမ်းပန်[၁/ဗမန(နိုင်)၀၆၉၄၅၅]၏ Passport No.A-270080 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

**ဖုန်း-၀၉-၄၂၀၁၀၀၃၅၈**

# မှုခ်ဦး၊ အုတ်တံတိုင်း၊ ရေစက်ချအလှူတော်နှင့် သာသနဓဇ ဓမ္မာစရိယဘွဲ့ရ အရှင်သူရိယ ဂုဏ်ပြုပူဇော်ပွဲ တရားတော်နာ ဖိတ်ကြားလွှာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ အေးမြရွှေပြည်ကျောင်းတိုက်၊ မုခ်ဦး၊ အုတ်တံတိုင်း၊ ရေစက်ချနှင့် သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်သူရိယအား ဂုဏ်ပြုပူဇော်ပွဲတွင် အောက်ပါဆရာတော်ကြီးများမှ အောက်ဖော်ပြပါနေ့ရက်များ၌ နေ့စဉ် ည ၈ နာရီမှစတင်၍ တရားတော်များ ဟောကြားပေးမည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ကြပါရန် မွန်မြတ်သောစိတ်ဓာတ်ဖြင့် ဖိတ်ကြားအပ်ပါသည်။ **ဟောကြားမည့် ဆရာတော်များ**

၁။ ၁၃-၅-၂၀၁၃ ရက် - ဘဒ္ဒန္တသူရိယာဘိဝံသ အနောက်ခင်မကန်တိုက်၊ မိုးတားကျောင်း၊ မန္တလေးမြို့။

၂။ ၁၄-၅-၂၀၁၃ ရက် - ဘဒ္ဒန္တသုစိတ္တာဘိဝံသ ပါမောက္ခချုပ်ဆရာတော် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ ၁၅-၅-၂၀၁၃ ရက် - ဘဒ္ဒန္တပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်) ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တမာတန်း၊ မန္တလေးမြို့။

**ဓမ္မဒါန အမတဒါန ကုသိုလ်ရှင် ကျပ်သိန်းငါးဆယ်**
**ဦးဝင်းနိုင်-ဒေါ်စန်းစန်း(သုဓမ္မသိင်္ဂီ)**
**သမီးများ-မချစ်စု၊ မဖူးဖူး၊ မချောချော**
**Win & Son Diamond and Fine Jewel ရန်ကုန်မြို့**
**(တရားနာပရိသတ်များအတွက် ကားကြို/ပို့ ဆောင်ရွက်ပေးပါမည်။)**




**ကလေးနာမည်ပေး**
**ဆရာကြီးရာဇာဇော်ဝင်း**
(L.L.B.)
☎ 01-394727, 01-399426
09-73009994

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/၃၊ မြေကွက်အမှတ်(၂၂၅/၂)၊ မြေကွက်တည်နေရာအမှတ်(၂၂၅/၂)၊ ဒေါင်းမင်းလမ်း(၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်အေးအေးသန်း၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေးသန်းထံမှ ပိုင်ဆိုင်စာချုပ်-၆၄၃၄ (၂၇-၁၁-၁၂)ဖြင့် ရရှိသူ ဦးဝေဖြိုးဟန်[၁၂/ဥကတ(နိုင်)၁၆၅၄၁၂]မှ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကိုယ်တိုင် ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မိတ္တူလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**BIS Bharadwaj International School**
Nursery, PRE KG to IGCSE
No. 621, 2nd Floor, United Condo, Bo Ywe Street, Latha Township, Yangon.
Tel : 01-243978, 09-5501141, 09-8537403, 09-73123665

# သားအဖြစ်မှစွန့်လွှတ်ခြင်း

ထောက်ကြန့်၊ ဘောလုံးကွင်း(၃)လမ်း၊ အမှတ်(၁၈)နေ ဦးအေးသန်း၏သား ဦးဝင်းညွန့်သည် အမိ၊ အဖများ၏ ဆုံးမစကားကို နာခံခြင်းမရှိဘဲ ရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးအေးသန်း**

**မီး သတိပြု**

# မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

**ဖုန်း- ၀၉-၄၂၀၁၀၇၀၂၁**
**၀၉-၄၄၈၀၂၅၇၄၂**
**၀၉-၇၃၂၃၄၆၅၆**
**၀၉-၇၃၂၂၉၉၆၅**

**Dream Paradise**
Hotel
09420002090,09 730 43408

# Taxi မောင်းလိုသူများ ဆက်သွယ်ပါ

Toyota Probox,CNG, 2007 Mdl
မောင်းရန်
စပေါ်-၃သိန်း၊ နံနက် ၆-ည ၈၊
၁၇၀၀၀ ကျပ်၊ တောင်ဥက္ကလာ။

**ဖုန်း-၀၉-၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀**

# အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ ဗားကရာလမ်းအမှတ်(၂၆၅/ဘီ)ဟုခေါ်တွင်သည့် (၇)ထပ်တိုက်အဆောက်အအုံရှိ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိသော တတိယထပ်၊ (၄)လွှာ အပျောက်စနစ်တိုက်ခန်းနှင့် တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသိန်းလွင်[၁၂/ကတတ(နိုင်)၀၀၈၂၃၀]+၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့် သက်ဆိုင်ပတ်သက် အကျိုးခံစားခွင့်ရှိသည်ဆိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၂)ဒုထပ်၊၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့သစ်(၁)လမ်း၊ အမှတ်-၁၄/၅၃ ဟု ခေါ်တွင်သော ဧရိယာ(၀.၀၁၄)ဧက၊ အကျယ် ပေ(၁၂×၅၀)ရှိ မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၁၉-၇-၁၉၉၆ ရက်စွဲပါ အိမ်နှင့်ခြံမြေ အရောင်းအဝယ် စရန်ပေးချေခြင်းစာချုပ်အရ ဦးသန်းထွန်း(HZA-၀၀၆၂၂၅)မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းကွယ်လွန်၍ ၂၈-၁-၂၀၁၃ရက်စွဲပါ "အမွေဝေစု ခွဲဝေခြင်းကတိစာချုပ်"အရ ဦးဝင်းလှိုင်[၁၂/မရက(နိုင်)၁၂၉၅၇၅]နှင့် ဦးအောင်တိုး[၁၂/မရက(နိုင်)၁၄၂၈၂၆]တို့သာလျှင် လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကောင်းမြတ်ဇော်** | **ဦးဟိန်းသူကောင်း** |
| **အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)** | **အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လွန်ဇင် (၈၃)နှစ်

ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း-ဒေါ်နီနီအေး တို့၏မိခင်ဖြစ်သူ ကလေးမြို့ ပြည်တော်သာနေ ဒေါ်လွန်ဇင်သည် ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူ
## အသက်(၇၆)နှစ်

ဗိုလ်မှူးသင်းထွဋ်ဟန်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်မာမာအောင် တို့၏ မိခင် ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူသည် ၃-၅-၂၀၁၃ ရက် ညပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်မှူးချုပ်ဇော်ဇော်-ဒေါ်လင်းလင်း မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်ညွန့်(၇၃)နှစ်
### (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန၊ အကြံပေးပုဂ္ဂိုလ်)
### Elite Electric Power Co., Ltd.

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၂၄/၃၂၂)၊ လေးလွှာနေ ဒေါ်ဝင်းဝင်း(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) ၏ ခင်ပွန်း ဦးခင်မောင်ညွန့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၆-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၄ နာရီတွင် SSCအထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ**
**ဆည်မြောင်းဦးစီးဌာန၊ ပဲခူးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတူးမောင် (၅၆)နှစ်
### ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင် သည် ၆-၅-၂၀၁၃ ရက် မွန်းလွဲ ၂း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကံလှ (MD)**
**KZEN, ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
**ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမိုးမြင့်အောင်
## အသက်(၅၂)နှစ်
### ထုတ်ဝေသူ(မြန်မာ့စပို့စပယ်ရှယ်ဂျာနယ်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်-ဒေါ်လှတင့်တို့၏ သားလတ် ဦးမိုးမြင့်အောင် (ထုတ်ဝေသူ၊ မြန်မာ့စပို့စပယ်ရှယ်ဂျာနယ်)သည် ၅-၅-၂၀၁၃ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ဝန်ထမ်းဟောင်းများအသင်း**

## လွမ်းဆွတ်သတိရခြင်း
## (၈-၅-၂၀၁၂)ရက်တွင် ကွယ်လွန်သွားရှာသောချစ်သားကြီး
## မောင်ဝင်းမော်(ရုပ်ရှင်နှင့်ဂီတ)သို့

သားတစ်နှစ်ပြည့်ကွယ်လွန်တဲ့နေ့မှာ သားရဲ့အဖြစ်ချင်ဆုံးဆန္ဒဖြစ်တဲ့ 'မှ' စီးရီးကို သားစိတ်တိုင်းကျ ထုတ်လုပ်လိုက်ပါပြီ။

သားရဲ့ရင်သွေးမြေး(လေး)ယောက်ကို ရဟန်းဘောင်၊ ရှင်ပြု သာသနာတွင်း သွင်း၍ မဟာစည်ရိပ်သာ၌ အလှူဒါန အစုစုကို ပြုလုပ်ပါတယ်။

ဤဒါနကုသိုလ် အစုစုနဲ့ လစဉ်ပြုလုပ်ခဲ့တဲ့ ကုသိုလ်အဖို့ပါကတို့ကိုသားကြီးမောင်ဝင်းမော်နှင့်တကွသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့အား အမျှ-အမျှ-အမျှ-အမျှ-အမျှ အမျှ ပေးဝေပါ၏။

မှ

**ဖေဖေ-မေမေနှင့်**
**ကျန်ရစ်သူမိသားစု**

## ဒုတိယရဲမှူးဦးလှဝေ(လ/၅၀၅၂)
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၂/၇၄)၊ (၁၂၅) လမ်းနေ (ဒေါ်ခင်မေဝင်း)၊ ဒေါ်ငွေသန်း ၏ ခင်ပွန်း၊ ဗိုလ်မှူးမြင့်ဆွေ(ငြိမ်း)၊ ဦးမျိုးညွန့်တို့၏ အစ်ကို၊ ဒေါ်နွဲ့နွဲ့ဝေ၊ ဒေါ်နီနီအေး၊ ဦးမျိုးသန့်၊ (ဦးလှမင်း)၊ ဒေါ်မို့မို့ဝေ၊ ဦးမျိုးမင်း၊ ဦးလှထွေး၊ (ဦးကျော်သန်းထွန်း)၊ ဒေါ်ဥမ္မာဝေ၊ ဦးဇော်မင်းထွန်းတို့၏ ဖခင်၊ မြေး ၁၉ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၆-၅-၂၀၁၃ ရက် ညနေ ၆း၅၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။[(၁၂၅)လမ်းနေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သန်းမြ(မြိတ်)
## အသက်(၄၈)နှစ်

မြိတ်မြို့နေ(ဦးကြူးဖေ-ဒေါ်သန်းကြည်)တို့၏သမီး၊ ရန်ကုန်မြို့ (၁၄၆) လမ်း၊ တာမွေမြို့နယ်၊ အရိုးကုန်း ရပ်ကွက်၊ တိုက်အမှတ်(၉)၊ မြေညီထပ်နေ ဒေါ်မြင့်ကြူ၏ညီမ၊ ဦးကျော်ရှိန်-ဒေါ်သန်းဌေး၊ ဒေါ်သန်းနွဲ့၊ ဦးသန်းလွင်-ဒေါ်မိသန်း၊ ဦးမြသန်း-ဒေါ်အေးအေးသန်းတို့၏ညီမ၊ မြိတ်မြို့ ကွက်သစ်ရပ်(ဘီ) အမှတ်(၄၆)နေ ဦးသန်းဌေး၏ဇနီး၊ မောင်ကျော်သူခိုင်၊ မောင်အောင်ဌေးကျော်၊ မောင်ရဲဇော်မြင့်တို့၏ မိခင် ဒေါ်သန်းမြသည် ၇-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၈း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်စောကျင် (၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၁၁၁)နေ (ဦးစောယုံဝေး)၏ ချစ်လှစွာသောဇနီး၊ ပန်ဆန်းမြို့နေ(ဦးစူးခန့်ချန်း)-ဒေါ်လီလီမေ၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်း၊ အမှတ်(၂၃၁)နေဦးမြင့်ရွှေ-ဒေါ်တင်အိန်း၊ တောင်တွင်းကြီးမြို့နေ(ဦးရန်မင်း)-ဒေါ်သန်းဌေး၊ တာမွေလေးရပ်ကွက်နေ ဒေါ်သန်းသန်းဌေး၊ ဒေါ်သန်းသန်းအေး၊ ဒေါ်သန်းသန်းဝင်း၊ ဦးရဲတင့်-ဒေါ်ခင်ခင်လေး၊ ဦးတင်ဆောင် (Ambur Electronic)-ဒေါ်ရွှေဇင်ဦး၊ ဒေါ်သန်းသန်းမြင့်-ဦးနေလင်းတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ် ၁၂ယောက်တို့၏ ဘွားဘွားကြီးသည်၅-၅-၂၀၁၃(တနင်္ဂနွေနေ့) ည၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းကျောင်းဒါယိကာမကြီး
## ဒေါ်မြသန်း(အလုံ)
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စပယ်လမ်း၊ အမှတ်(၁၉)နေ (ဦးထွန်းခင်-ဒေါ်နှင်းခင်) တို့၏ တတိယသမီး၊ (ဦးမောင်သင်း)၏ဇနီး၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးစောနေဝင်း-ဒေါ်လေးလေးခင်(ခေတ္တ-ဩစတြေးလျ)၊ ဒေါ်မြတ်မြတ်သင်း၊ ဦးထွန်းထွန်းဝင်း (UNITEAM)၊ ဒေါ်တင်ကလျာ (LOGISTICS ASSISTANT SWIBER)၊ မောင်လွင်မိုးထက်တို့၏ မိခင်ကြီး၊ မမေသူခိုင်-မောင်ဉာဏ်ဝင်းချစ်(ခေတ္တ-ဩစတြေးလျ)၊ မောင်မင်းဇော်ဦး-မသီတာဝင်း(ခေတ္တ-ဩစတြေးလျ)၊ မောင်ထူးသစ်၊ မောင်ညီညီထွဋ်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ဒေါ်မြသန်းသည် ၇-၅-၂၀၁၃ရက် နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၅-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွန်းကြိုင်
## အသက်(၇၂)နှစ်
### ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)
### မြန်မာ့သစ်လုပ်ငန်း
### တန့်ဆည်မြို့နယ်အသင်းနာယက

ရန်ကုန်မြို့၊ အမှတ်(၂၄)၊ မဟာဇေယျလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးပို-ဒေါ်ရွှေကျီ) တို့၏ သား၊ ဒေါ်စန်းစန်းမြင့် (အထက်တန်းပြ၊ငြိမ်း၊ အထက-၂၊ဗိုလ်တထောင်)၏ ခင်ပွန်း၊ မောင်ဇေယျာသီဟ-ဒေါက်တာ စိမ်းလဲ့ဝန်း၊ မမိုးပွင့်ဖြူ(ခ)ပွင့်လျှာမိုးလေး၊ မောင်ကဒ္ဒိထွန်းတို့၏ဖခင် ဦးထွန်းကြိုင်သည် ၇-၅-၂၀၁၃ ရက် နံနက် ၁း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန် ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု

## ယပ်ရွဲ့ကြောင်(ခ)ဒေါ်စန်းမြင့်
## အသက်(၆၈)နှစ်
### (ပုသိမ်)

ပုသိမ်မြို့၊ အမှတ်(၅၆) ဥမ္မာဒန္တီလမ်းနေ (ဦးစိန်ကူး-ဒေါ်တိုက်ရင်)တို့၏သမီး၊ (ဦးမြင့်ဟန်-ဒေါ်ပုမ)၊ ဦးစိန်ချင်း-ဒေါ် ရှုရှီ၊ ဒေါ်အေးအေးသွင်၊ (ဦးတင်ထွန်း-ဒေါ်လှရီ)၊ (ဦးမြင့်မောင်) တို့၏ ညီမ၊ ဦးစောမြင့်-ဒေါ်ခင်ဝင်း၊ ဒေါ်စန်းကြည်၊ ဦးမြင့်ရီ-ဒေါ်လှလှရီ၊ ဒေါ်စီစီဌေး (အထက-၆၊ ပုသိမ်)၊ မချယ်ရီ (မမာရီ)၊ ဦးမြင့်ဌေး၊ ဦးအောင်မြင့်ထွေးတို့၏ အစ်မ၊ တူ၊ တူမ ၁၉ ယောက်တို့၏ အဒေါ်၊ မြေး ၃၂ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားသည် ၆-၅-၂၀၁၃ ရက် နံနက် ၉း၅၀နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရတနာလမ်း၊ ဆရာစံတောင်၊ အမှတ်(၁၈) ပထမထပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတူးမောင်
## အသက်(၅၆)နှစ်
### ဝန်ကြီး၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်း(၁၆)၊ ယုဇနလမ်း၊ အမှတ်(၁၄)နေ (ဦးဝေလီ-ဒေါ်ထားခင်)တို့၏ သားငယ်၊ (ဦးစက်မောင်)-ဒေါ်နီနီ၊ ဦးတင်စိုး-ဒေါ်စန်းစန်းမြင့်၊ ဦးအောင်ထွေး-ဒေါ်စုစုရွှေ၊ ဦးမောင်မောင်-ဒေါ်ခင်ဝင်း၊ ဦးမြင့်ဆွေ-ဒေါ်ခင်ချို၊ ဦးလှမြင့်-ဒေါ်ခင်ပိုတို့၏ မောင်၊ ထောက်ကြန့်နေ ဦးမြတ်မင်းစိုး-ဒေါ်ပန်းနုအေး၊ ဦးစိုင်းဝင်းမျိုး၊ ဦးစိုင်းဇော်ထွေး-ဒေါ်နန်းအိအိထွေးတို့၏ မွေးသဖခင်၊ မခင်မြင့်မြတ်၏ အဘိုး၊ ဒေါ်နန်းကင်ခမ်း၏ ခင်ပွန်း ဦးတူးမောင် [အသက်(၅၆)နှစ် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့]သည် ၆-၅-၂၀၁၃ ရက် မွန်းလွဲ ၂း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်စိန်ရီ အသက်(၁၀၁)နှစ်

တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၆၄)ငါးလွှာ၊ (ခြေရင်းခန်း)နေ(ဦးအချီ-ဒေါ်သက်ပို) တို့၏သမီး၊ (ဦးဘကျော်-ဒေါ်ငွေညွန့်) တို့၏သမီးချွေးမ၊ (ဦးထွန်းသန်း)၏ဇနီး၊ (ဦးကြင်ပု-ဒေါ်သောင်းရွှေ)တို့၏ညီမ၊ (ဦးသိန်းမြင့်) - ဒေါ်ယဉ်နွယ် (ထ/၂၊ စမ်းချောင်း၊ ငြိမ်း)တို့၏မိခင်၊ ဦးသန်းဦး-ဒေါ်မော်မော်သိန်း(VUC)၊ ဦးဝင်းမြင့်-ဒေါ်ဥမ္မာသိန်း(ထ-၂၊စမ်းချောင်း)၊ ဦးကျော်မင်းစိုး၊ ဦးကျော်ဉာဏ်လင်း-ဒေါ်အေးသီတာ (Amazing Tree Collection)၊ ဦးဇေယျာကျော် (ခရိုင်မြေစာရင်းမှူး၊ ကျောက်ဖြူမြို့)-ဒေါ်တင်တင်(ကျန်းမာရေးမှူးအဆင့်-၁၊ မင်္ဂလာတောင်ညွန့်)၊ ဦးဇွဲသာဝင်း-မသိမ့်သိမ့် (ခေတ္တ-စင်ကာပူ)တို့၏ အဘွား၊ မြစ်ခုနစ်ယောက်၊ တီတစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၅-၂၀၁၃ (တနင်္လာနေ့) ည ၇း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်အေးရွှေ(ခ)ဒေါ်ပွား
### (မိုးကုတ်ယောဂီ)(ရခိုင်ရိုးကြီး)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၆၁)နေ (ဦးထွန်းသင်-ဒေါ်ရွှေနှစ်)တို့၏ သမီး၊ (ဦးထင်ဇော်)၏ဇနီး၊ ဦးသန်းဆွေ-ဒေါ်သန်းသန်းဇော်၊ ဦးကျော်ကျော်ငြိမ်း- ဒေါ်သက်သက်ခိုင်၊ ဦးအောင်အောင်မိုး-ဒေါ်တင်မိုးသူ၊ ဦးနေယု-ဒေါ်မြင့်မြင့်ဇော် တို့၏မိခင်၊ ကိုမိုးကျော်ခိုင်၊ မယဉ်မွန်ပြုံး၊ မယဉ်လဲ့အောင်၊ မယဉ်မင်းမြတ်၊ မောင်ဇွဲရဲရင့်၊ မောင်စွမ်းထက်၊ မသင်းရတီနွယ်၊ မထက်ရတီလင်းတို့၏ အဘွားသည် ၆-၅-၂၀၁၃ (တနင်္လာနေ့) ည ၁၀း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်မြင့်
## အသက်(၆၀)
### (အောင်လံ/ရန်ကင်း)

(ဦးနီ-ဒေါ်မြရွှေ)တို့၏သား၊ (ဦးတင့်ဆွေ-ဒေါ်နုနု)တို့၏ သားသမက် အမှတ်(၅၂၉/က)နဂါးမင်းလမ်း၊ (၃၆) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်ခင်မေအေး MTEI -ငြိမ်း)၏ခင်ပွန်း၊ (ဦးမောင်မောင်ရီ)-ဒေါ်ညိုညိုနီ၊ (ဒေါ်မြင့်မြင့်နီ)၊ (ဦးဆွေနိုင်)-ဒေါ်မိမိ၊ (ဦးမြင့်သန်း)-ဒေါ်စိန်စိန်မြင့်တို့၏ ညီ/မောင်၊ (ဦးတင့်အောင်)၊ (ဦးဌေးဆွေ)၊ (ဦးအောင်တင့်)၊ ဦးမျိုးဝင်း-ဒေါ်ဝင်းမာတို့၏အစ်ကို၊ နိုင်ထူးဇော်-သဲသဲလတ်၊ ကျော်ဦးဇော်-(ဇင်မာဝင်း)ခိုင်ထူးဇော်တို့၏ ဖခင်၊ တူ/တူမ ၁၇ယောက်တို့၏ ဦးလေး၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၆-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသောင်းညွန့်(မြို့သစ်)
## အသက်(၈၆)နှစ်
### (ကျန်း/အင်စပက်တော်-ငြိမ်း)

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နေ (ဦးဘိုးညာဏ်-ဒေါ်မင်းဇုံ)တို့၏သား၊ (ဓမင်သူကြီး ဦးလေးအိုး-ဒေါ်သန်းတင်)တို့၏သားသမက်၊(ဒေါ်ခင်ခင်ရီ)(တောင်တွင်းကြီး)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ တိမ္မေးကုဝန်ထမ်းအိမ်ရာ၊ အမှတ်-J(1) နေ ဒေါ်မိမိခိုင်(တိမ္မေးကု-ငွေစာရင်း)၊ ဦးမင်းဇော်(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်နယ်လီမြင့်၊ ဦးဇော်မိုး(သွား/ဆေး)တို့၏ဖခင်ကြီး၊ မဟေနွယ်ဆောင်း၏အဘိုးသည် ၆-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းမယ်တော်ကြီး
## ဒေါ်ချစ်(၈၂)နှစ်
## (ဘိုကလေး)

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ အမှတ်(၂၆)၊ (၄)ဖြတ်လမ်း၊ (၃) ရပ်ကွက်နေ (ဦးလှဒင်-ဒေါ်သာယုံ)တို့၏ သမီး၊ (ဦးချစ်တင်-ဒေါ်အုန်းရှင်)တို့၏ ညီမ၊ ဦးတင်ဦး(အထက်တန်းကျောင်းအုပ်ကြီး-ငြိမ်း)၊ (၁)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁၄၁)နေ ဦးဇော်ဌေး-(ဒေါ်မြင့်စန်း) တို့၏ အစ်မကြီး၊ ဘိုကလေးမြို့ တောင်လက်ျာကျောင်း ဆရာတော်ဘဒ္ဒန္တပညိန္ဒ၏ မယ်တော်ကြီး၊ မအေးအေးနွဲ့၊ ကိုမောင်မောင်ဦး၊ ကိုဇော်ခင်-မလင်းလင်းဌေး၊ ကိုမင်းမင်းဌေး-မဇင်ဇင်လှိုင်တို့၏ ချစ်လှစွာသော အဒေါ်၊မောင်ထွဋ်ဇော်လင်း၏ ဘွားဘွားကြီးသည် ၆-၅-၂၀၁၃ ရက် ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃ရက် မွန်းလွဲ၁နာရီတွင် ဘိုကလေးမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိန်လင်း(ခ)ဦးပိုးတီ
## အသက်(၆၁)နှစ်
### သမဝါယမဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်(၁၀) ရပ်ကွက်၊ ချော်တွင်းကုန်းနေ (ဦးထွန်းလှ-ဒေါ်မြဌေး)တို့၏သား၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၉) ရပ်ကွက်၊ နော်ခမ်းဦးလမ်း၊ အမှတ်(၇၉၂)နေ ဒေါ်ခင်သန်းနွယ်(ထ-၂၊ ခွဲ၊ အလက-၁၊ ဒဂုံအရှေ့)၏ခင်ပွန်း၊ မောင်ဇင်မင်းထွန်း၏ ကျေးဇူးရှင် မွေးသဖခင်သည် ၆-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းအေး (၅၉)နှစ်
### (အလယ်တန်းပြ-အထက-၄)
### ထားဝယ်မြို့

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆင်ပုနစ်ရပ်၊ မြသန္တာလမ်း၊ အမှတ် (၂၉၉) နေ[ဦးဘအေး(အငြိမ်းစားရဲမှူး)-ဒေါ်သီးခင်]တို့၏သမီး၊(ကိုတင်ထွန်း)၊ (ကိုမျိုးဆက်)-မဘီ၊ ကိုတိုင်လေး-မအေးမြင့်တို့၏ညီမ၊ ကိုနော်နီ- မသန်းသန်းဌေး၊(ကိုစိန်ဝင်း)-မခင်မြင့်၊ ကိုဌေးလွင်သန်း(ခ)ကိုဒေးဗစ်-မယဉ်ယဉ်အေးတို့၏အစ်မ ဆရာမဒေါ်သန်းသန်းအေးသည် ၇-၅-၂၀၁၃ (အင်္ဂါနေ့) နံနက်၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ကရဝိက်သက်န်းတိုက်မိခင်ကြီး
## ဒေါ်လှမြင့်(၈၄)နှစ်

ပြည်မြို့၊ အမှတ်(၈၂၁)၊ ဗိုလ်ချုပ်လမ်းနေ ဦးမြင့်(သုဓမ္မမဏိဇောတဓရ)၏ ဇနီး၊ ပြည်မြို့ ကရဝိက်သက်န်းတိုက်နေ ဦးသိန်းတန်-ဒေါ်အေးအေးကြည်၊ ရန်ကုန်မြို့ ကရဝိက်သက်န်းတိုက်၊ ကြည့်မြင်တိုင်နေ (Dr. ခင်ထွန်း)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးဌေး-Dr.စန်းစန်းဦး(သိမ်ကြီးဈေး၊ B ရုံ-၁၀၀)တို့၏ မွေးသမိခင်၊ ကိုရန်နိုင်သိန်း-မခင်ငြိမ်းငြိမ်းစိုး၊ ကိုသန့်ကျော်သူ-မရွှေစင်သိန်း၊ ကိုမင်းထင်ကျော်-မစန္ဒာသိန်း၊ Dr.မြတ်သူ၊ ကိုကောင်းမြတ်ဌေး-မဆုပြည့်ဇွန်၊Dr.ဟိန်းမြတ်ဌေး-မသင်းသင်းမြတ်တို့၏အဘွား၊ မသင့်မြတ်သူ(Total Primary 2)၊ မဆုလင်းလက်(အထက-၁၊ ပြည်မြို့)၊ မပြုံးပန်းဝတ်ရည်တို့၏ ဘွားဘွားကြီးသည် ၆-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ပြည်မြို့အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထွန်းရွှေ
### (ဒု-အရာခံဗိုလ်-ငြိမ်း)
## အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ (ဦးသက်ထွန်း-ဒေါ်အုန်းစိန်)တို့၏ သား၊ မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်ဝန်ထမ်းအိမ်ရာနေ ဦးအောင်ကျော်ဇော-ဒေါ်ဝါဝါထွန်း(လ/ထကထိက၊ အင်္ဂလိပ်စာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး)၊ ဦးမျိုးသီဟ-ဒေါ်စန္ဒာထွန်း၊ ဗိုလ်မှူးဇော်မင်းထွန်း(မုံရွာ)၊ ဗိုလ်မှူး/ဗိုလ်ကြီး ကျော်ဝင်းထွန်း (ကသာ)-ဒေါ်နှင်းဝေသွယ်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ ပြင်ဦးလွင်မြို့၊ အမှတ်(၂၂၅)၊ နှင်းဆီလမ်း(၁၂)ညံ့ကွဲရပ်နေ ဒေါ်သောင်းသောင်း၏ ခင်ပွန်းသည် ၆-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် တိုင်းရင်းဆေးတက္ကသိုလ် အထက်ပါ ဝန်ထမ်းအိမ်ရာနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်သိန်းဝင်း (PEGGY) (ခေတ္တ-U.K)
## အသက်(၆၆)နှစ်

(ဦးဝင်းမောင်-ဒေါ်အုန်းတင်)တို့၏သမီး၊ (ဦးစံရင်)-ဒေါ်အမာတို့၏ သမီးချွေးမ၊ ဦးဆန်းညွန့် B.E (Communication)၏ဇနီး၊ ကပ္ပတိန်ဦးဖြိုးဝင်းညွန့် (UNITEAM MARINE)၊ ဦးဇာနည်စိုး-ဒေါ်သီရိဝင်းညွန့်-(U.K)၊ Dr. စန္ဒီဝင်းညွန့်(အာရှတော်ဝင်ဆေးရုံ)တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မဟေဇာသီရိစိုး (UK)၏ အဘွား ဒေါ်ခင်သိန်းဝင်းသည် ၆-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် အင်္ဂလန်နိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် အင်္ဂလန်နိုင်ငံတွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
## ဦးတင်လှ(ခ)ချင်ကင်ဖွယ်(စင်ကာပူအုပ်ချုပ်ဆိုင်)
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တိုက်(၁)၊ အခန်း ၇၃၊ (၃)ရပ်ကွက်၊ ရန်ကုန်- အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်စိန်-ဒေါ်ကျင်ဟန်)တို့၏ဒုတိယသား၊ (ဦးချန်မွန်ဖီး-ဒေါ်မြရီ)တို့၏သားသမက်၊ ဒေါ်လှလှရင်(ထ-၄၊ မင်္ဂလာတောင်ညွန့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ညွန့်(KEN BROTHERS Trading Co.,Ltd.)- ဒေါ်စန်းစန်းတို့၏ညီ၊ (ဦးမောင်မောင်စိုး)၊ ဒေါ်ဌေးဌေးစန်း၊ ဒေါ်ဌေးဌေးကြူ၊ ဦးဌေးလှိုင်-ဒေါ်အိန်ထွေးမှီတို့၏အစ်ကို၊ ကိုသော်ဇင်ဦး-မခင်လင်းလင်းမိုး၊ ကိုသော်ဇင်လတ်၊ မမေဦးလွင်တို့၏ဦးလေး၊ မနှင်းသောတာဦး၊ မောင်ရဲရင့်အောင်တို့၏အဘိုးသည် ၇-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေး ကောင်းတုံတရုတ်သုသာန်၌ မြေမြှုပ်သဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းနွယ်
## အသက်(၅၅)နှစ်
### (B.Sc Maths,B.Ed)
### အထက(၂)ဗိုလ်တထောင်၊ အထက(၁)တောင်ဥက္ကလာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ပုံနှိပ်ရိပ်သာဝင်းနေ (ဦးမောင်ညွန့်-ဒေါ်အမာ)တို့၏သမီး၊ (ဦးဘရီ-ဒေါ်မြ)တို့၏ သမီးချွေးမ၊ (ဦးကျော်ဝင်း)၊ (ဦးမြင့်အောင်)-ဒေါ်မြင့်မြင့်သန်း(အထက-၃၊သာကေတ-ငြိမ်း)၊ ဦးစောဝင်း၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးသောင်းမြင့်-ဒေါ်သန်းသန်း၊ ဒါးပိန်မြို့နေ (ဦးမြင့်ကြည်)-ဒေါ်သိန်းသိန်းတို့၏ညီမ၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာရပ်ကွက်နေ ဦးသန်းဝင်း-ဒေါ်စန်းစန်းရီ(ဝါးလေး)၊ (အထက-၅၊ဗိုလ်တထောင်)၏အစ်မ၊ မမြတ်ပန်းဖြိုးဖြိုး(ဒုတိယနှစ်၊ ဆေးဝါးတက္ကသိုလ်)၏မိခင်၊ ဦးစိန်မြ(ခေတ္တစက်ရုံမှူး၊ ဗဟိုပုံနှိပ်စက်ရုံ၊ PPE)၏ဇနီး ဒေါ်စန်းစန်းနွယ်သည် ၆-၅-၂၀၁၃(တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြမာလာ အသက်(၄၀)
### (အထက-၃၊ ဗိုလ်တထောင်ကျောင်းသူဟောင်း)

ပဲခူးမြို့နေ (ဦးအုန်း-ဒေါ်သိန်းမြင့်)၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်နေ (ဦးခင်မောင်-ဒေါ်ရီရီ)တို့၏ မြေး၊ ဦးခင်မောင်ရီ(အထက-၃၊ ဗိုလ်တထောင်၊ ငြိမ်း)-ဒေါ်ညွန့်ညွန့်စိန်(ကုန်သွယ်လယ်ယာ-ငြိမ်း)တို့၏ သမီးထွေး၊ ဦးပိုက်တင်ထွေး-ဒေါ်တင်ဇာနိုင်၊ (ဦးအေးမင်းထွန်း)-ဒေါ်စုစုခင်တို့၏ ညီမ၊ မောင်ထက်မြတ်လင်း၊ မောင်ထွန်း၊ မဟန်နီနီဇင်တို့၏အဒေါ်သည် ၆-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃၄)၊ ကွက်သစ်လမ်း၊ ရေကျော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**






# နိုင်ငံအတွင်း စွမ်းအင်ဖူလုံမှုရရှိအောင် နည်းလမ်းပေါင်းစုံနှင့် ကြိုးပမ်းလျက်ရှိ

နေပြည်တော် မေ ၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် International Finance Corporation (IFC)တို့ ပူးပေါင်း၍ Myanmar Independent Power Produce (Myanmar IPP workshop) အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါ Myanmar IPP workshop အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

**စာမျက်နှာ ၉ ကော်လံ ၅ သို့❖**

ယနေ့ မာတိကာ


အနီရောင် နတ်မိမယ်
စာမျက်နှာ - ၂

သဘာဝလက်ဆောင် ကမ်းခြေအလှ ညောင်တုန်းသားတွေ ထိန်းသိမ်းကြ
စာမျက်နှာ - ၆

သရုပ်ဆောင်နိုင်စွမ်းအားနည်းသည်ဟု ဝေဖန်ခံရသူ ကင်မ်ထယ်ဟီး
စာမျက်နှာ - ၁၂

ပရိုမီယာလိဂ်မှ တန်းဆင်းရန်အသင်းများ အကြောင်း တစေ့တစောင်း
စာမျက်နှာ - ၁၃


## ရခိုင်ပြည်နယ် ပဋိပက္ခများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ထုတ်ပြန်ချက်
## ထုတ်ပြန်ချက်အမှတ် (၃/၂၀၁၃)

၁။ ၂၀၁၂ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အကြောင်းအရင်းများကို စနစ်တကျ ရှာဖွေဖော်ထုတ်ရန်နှင့် အလားတူ ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့သော ရခိုင်ပြည်နယ် ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းအစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၃ ခုနှစ် မေလ ၆ ရက်နေ့တွင် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင် အောက်ပါအချက်များ ပါဝင်သည်ကို တွေ့ရှိရပါသည်-

- နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပဋိပက္ခများထပ်မံမဖြစ်ပွားရေးအတွက် တရားဥပဒေစိုးမိုးရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊
- နိုင်ငံသားတိုင်း မိမိတို့ ယုံကြည်ရာဘာသာတရားကို လွတ်လပ်စွာ ရွေးချယ်ကိုးကွယ်ပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိစေရေးအတွက် မဖြစ်မနေ တစ်ပါတည်း ကြိုးပမ်းဖော်ဆောင်နေရကြောင်း၊
- မတူညီသော ကိုးကွယ်ယုံကြည်မှုများကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိစေရန်အတွက် အခြေခံအနှစ်သာရသည် ဘာသာတရားအချင်းချင်း အပြန်အလှန်လေးစားမှုဖြစ်ကြောင်း၊
- လွတ်လပ်စွာယုံကြည်မှုနှင့် ပတ်သက်၍ အစိုးရအနေဖြင့် အစဉ်လေးစား ကာကွယ်ပေးသွားမည် ဖြစ်ကြောင်း၊
- ပဋိပက္ခများကြောင့် အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသူများအတွက် ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဒုက္ခသည်များအတွက် မိုးမကျမီ အမိုးအကာအောက် အချိန်မီရောက်ရှိရေးကို အလျင်အမြန် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳**



သတင်းလှုပ်ရှား

## တောင်ပေါ်ဆီးနှင်းပြင်လွှာများ၏ ရေပမာဏကို တွက်ချက်ရန်နည်းလမ်းရှာ

ဝါရှင်တန် မေ ၇

တောင်ပေါ်ဆီးနှင်းပြင်လွှာများက သိုလှောင်ထားနိုင်စွမ်းရှိသော ရေပမာဏကို အတိအကျတွက်ချက်နိုင်ရန် နည်းလမ်းတစ်ရပ်နှင့် ပတ်သက်၍ အမေရိကန်သိပ္ပံပညာရှင်များ စမ်းသပ်လေ့လာလျက်ရှိကြကြောင်း အမေရိကန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းဒေသ၌ ပြည်သူများအတွက် လိုအပ်သောရေချို၏ ၇၅ ရာခိုင်နှုန်းကျော်ကို တောင်ပေါ်ဆီးနှင်းပြင်လွှာများက ထောက်ပံ့ပေးသည်။ တောင်တန်းဒေသများ၌ ကျရောက်သော ဆီးနှင်းများ နှစ်စဉ်စုဝေးကာ ဆီးနှင်းပြင်လွှာများအဖြစ် စုဝေးလေ့ရှိပြီး ပူပြင်းသော ဥတုရာသီအရောက်တွင် အရည်ပျော်ဆင်းကာ ရေချိုအဖြစ် ထောက်ပံ့ပေးခြင်းဖြစ်သည်။

ဆီးနှင်းပြင်လွှာများအတွင်း ရေပါဝင်မှုအတိုင်းအတာကို အတိအကျ တွက်ချက်နိုင်ခြင်းဖြင့် မြို့ကြီးမြို့ငယ်များရှိ

**စာမျက်နှာ ၉ ကော်လံ ၃ သို့✪**

## မိုင်းဖြတ်-တာချီလိတ်-တာလေ၌ လျှင်လှုပ်၊ ခံစားမှုသည့် ပြည်သူများ အထိတ်တလန့်ဖြစ်

မိုင်းဖြတ် မေ ၇

မေ ၇ ရက် နံနက် ၂ နာရီ ၄၈ မိနစ်ခန့်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့အနီးကို ဗဟိုပြုလျက် အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ ခန့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ မိုင်းဖြတ်-တာချီလိတ်နှင့် တာလေမြို့များရှိ နေအိမ်များ ယိမ်းထိုးသွားခဲ့ကာ အိပ်မောကျနေသူများ ရုတ်တရက် လန့်နိုးသွားခဲ့ပြီး အနီးရှိကွင်းပြင်များ၊ လမ်းမများပေါ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

"၂၀၁၁ ခုနှစ်က လှုပ်ခတ်ခဲ့တဲ့ တာလေငလျင်ကို ဒီဒေသက လူတွေက ခံစားခဲ့ရတာ နှစ်နှစ်ကျော်ကျော် ပူပူနွေးနွေးလေးရှိသေးတာဆိုတော့ အားလုံး ထိတ်လန့်ကုန်ကြပါတယ်။ တချို့လည်း အိပ်ပျော်နေကြတုန်း ရှိသေးတာဆိုတော့

**စာမျက်နှာ ၉ ကော်လံ ၁ သို့❀**

## အင်အားအနည်းငယ်ရှိ မြေငလျင်နှစ်ခုလှုပ်

နေပြည်တော် မေ ၇

ယနေ့ နံနက် ၂ နာရီ ၄၈ မိနစ် ၃ စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၂၅၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျိုင်းတုံမြို့၏ အရှေ့တောင်ဘက် ၃၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုနှင့် နံနက်၃ နာရီ ၃၇ မိနစ် ၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက် ဘက် ၂၁၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုးကောင်းမြို့၏ အနောက်-အနောက်တောင်ဘက် ၂၈ မိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုတို့ လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**


